# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၃၆၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံ Astana International Financial Center (AIFC) သို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၈**

ကာဇက်စတန်နိုင်ငံ သမ္မတ H.E. Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံ အက်စတာနာမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် Astana International Financial Center (AIFC) သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား AIFC အုပ်ချုပ်မှုဆိုင်ရာ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Bakhtiyar Tleubekov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်

*စာမျက်နှာ ၃ ကော်လံ ၁ ➝*




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Astana International Financial Center (AIFC) ၌ ကြည့်ရှုလေ့လာစဉ်။

## ယနေ့ ဖတ်စရာ


**အန္တရာယ်ကြီးမားသည့် တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်နိုင်ရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ကြပါစို့** — ဆောင်းပါး — စာ ၈



**တရုတ်နိုင်ငံ ကွေကျိုပြည်နယ်၌ ကမ္ဘာ့အမြင့်ဆုံးတံတား ဖွင့်လှစ်** — နိုင်ငံတကာသတင်း — စာ ၁၄

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Astana International Financial Center (AIFC) အတွင်း လိုက်လံကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Astana International Financial Center (AIFC) ရှိ Museum of Trust အတွင်း လိုက်လံကြည့်ရှုလေ့လာစဉ်။

*○ ရှေ့ဖုံးမှ*

အဖွဲ့ဝင်များသည် စင်တာအတွင်း လိုက်လံကြည့်ရှုလေ့လာကြပြီး ဌာနအလိုက် တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် AIFC အုပ်ချုပ်မှုဆိုင်ရာ ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကာဇက်စတန်နိုင်ငံ စက်မှုလက်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူများက AIFC ဆိုင်ရာ အချက်အလက်များ၊ နည်းပညာတိုးတက်မှုမြင့်မားပြီး ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာဆန်းသစ်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ကာဇက်စတန်နိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များ ဖော်ဆောင်၍ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိမှုနှင့် လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်း၊ နည်းပညာဆိုင်ရာတို့အပြင် စိတ်ချလုံခြုံစွာ လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ပေးထားမှု၊ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ စက်မှုလက်မှုနှင့် ကုန်သွယ်ရေးအလိုက် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ Astana International Financial Center (AIFC) မှ တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး စင်တာအတွင်းရှိ Museum of Trust အတွင်း ကြည့်ရှုလေ့လာကြကာ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးခဲ့သည်။

အဆိုပါ Astana International Financial Center (AIFC) သည် Astana မြို့တွင် တည်ရှိသည့် ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကာဇက်စတန်နိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကမ်းလှမ်းနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ Belt and Road Initiative (BRI)စီမံကိန်းတို့နှင့် ချိတ်ဆက်လုပ်ဆောင်လျက်ရှိသည့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး အာရှအလယ်ပိုင်းဒေသမှအစပြု၍ အရှေ့အလယ်ပိုင်းဒေသ၊ တရုတ်နိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံများအထိ ကမ္ဘာအနှံ့ ဖြန့်ကြက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင်လည်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အက်စတာနာမြို့ရှိ Baiterek သမိုင်းဝင် အထိမ်းအမှတ် အဆောက်အအုံလေ့လာရေးမျှော်စင်နှင့် အက်စတာနာမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများအား လှည့်လည်ကြည့်ရှုလေ့လာသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်

*စာမျက်နှာ ၄ သို့*







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား AIFC အုပ်ချုပ်မှုဆိုင်ရာ ဘုတ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကာဇက်စတန်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိမှုကို ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*

အဖွဲ့ဝင်များသည် Baiterek သမိုင်းဝင်အထိမ်းအမှတ် အဆောက်အအုံသို့ ရောက်ရှိကြပြီး လှည့်လည် ကြည့်ရှုလေ့လာခဲ့ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးသည်။

အဆိုပါ Baiterek သမိုင်းဝင်အထိမ်းအမှတ် အဆောက်အအုံလေ့လာရေးမျှော်စင်သည် ၁၉၉၇ ခုနှစ်တွင် ကာဇက်စတန်၏မြို့တော် အက်စတာနာအဖြစ် ပြောင်းရွှေ့မှုအဖြစ် သင်္ကေတပြုသော သမိုင်းဝင်အဆောက်အအုံဖြစ်ပြီး နိုင်ငံ၏သင်္ကေတနှင့် ခေတ်သစ်ဗိသုကာလက်ရာ၏ ထင်ရှားသော မှတ်တိုင်နေရာတစ်ခုဖြစ်သည့်အပြင် ကာဇက်စတန်လူမျိုးများ၏ ဘဝသစ်စတင်ရာနေရာတစ်ခုလည်း ဖြစ်ကြောင်း၊ Baiterek သည် အမြင့် ၉၇ မီတာ (၃၁၈ ပေ) ရှိပြီး အပေါ်ဘက်တွင်ရှိသော ဖန်ဘောလုံးကြီးအား တိုင် ၅၀၀ ဖြင့် အောက်မှပင့်တင်ထားသည့်ပုံစံမျိုး တည်ဆောက်ထားကာ ထောင့်အမျိုးမျိုးမှ ရှုတ်တရက်ကြည့်မည်ဆိုလျှင် ရွှေဖြင့် ပြုလုပ်ထားသည်ဟု ထင်ရကြောင်း၊ Baiterek ၏ ဒီဇိုင်းပုံကြမ်းကို ကာဇက်စတန်နိုင်ငံ၏ ပထမဆုံးသမ္မတ Mr. Nursultan Nazarbayev မှ လေယာဉ်ပျံသန်းနေသည့်အချိန် လက်ကိုင်ပဝါပေါ်တွင် ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး ယင်းလက်ကိုင်ပဝါကို ပထမဆုံးသမ္မတပြတိုက်တွင် သမိုင်းဝင်အမွေအနှစ်အဖြစ် သိမ်းဆည်းထားကြောင်း၊ Baiterek မျှော်စင်၏ ဒီဇိုင်းနှင့် သင်္ကေတများသည် လှည့်လည်နေထိုင်သွားလာသူများ၏ ရိုးရာယုံကြည်မှုများနှင့် နီးကပ်စွာ ဆက်စပ်နေပြီး Baiterek ဆိုသည်မှာ ကာဇက်ရိုးရာဒဏ္ဍာရီတွင် ရှင်သန်ခြင်းသစ်ပင်ကြီး (Tree of Life) ကို ရည်ညွှန်းထားကြောင်း၊ ဒဏ္ဍာရီအရ ဤသစ်ပင်ပေါ်တွင် Samruk ဟုခေါ်သော ဒဏ္ဍာရီလာငှက်ကြီး နေထိုင်ပြီး ရွှေဥ ဥကာ နေကို ကိုယ်စားပြု၍ ရှင်သန်ခြင်းနှင့် မျှော်လင့်ချက်ရောင်ခြည်ကို ပေးစွမ်းသည်ဟု သိရှိရကြောင်း၊ ထိုနည်းအားဖြင့် ကာဇက်လူမျိုးများသည် အကောင်းနှင့်အဆိုး၏ ရုန်းကန်မှု၊ ရာသီများ အပြောင်းအလဲကို နေ့ရောညပါ ပုံဖော်ကြကာ ဘိုင်တီရက်၏ ထိပ်တွင် ၂၂ မီတာရှည်သော ရွှေဘောလုံးသည် ဒဏ္ဍာရီလာနေမင်းကို ကိုယ်စားပြုကြောင်း၊ Baiterek အထိမ်းအမှတ် အဆောက်အအုံကို မြို့တော်၏ ယဉ်ကျေးမှုဗဟိုချက်အဖြစ် ဖန်တီးခဲ့ခြင်းဖြစ်ပြီး မြေအောက် ၄ ဒသမ ၅ မီတာတွင် ငါးပြတိုက်၊ ကော်ဖီဆိုင်နှင့် ယဉ်ကျေးမှုစင်တာတစ်ခုရှိကာ ၃၄ လွှာရှိ "ရွှေဘောလုံး"တင်ထားသည့်နေရာ လေ့လာရေးမျှော်စင်မှ မြို့ပြ၏ရှုခင်းများကို ကြည့်ရှုခံစားနိုင်ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် ဘာသာပေါင်းစုံ ၁၇ ခုမှ ကိုယ်စားလှယ်များသည် Baiterek အထိမ်းအမှတ်အဆောက်အအုံတွင် ပထမဆုံးအကြိမ်အဖြစ် ဆုတောင်းမှုပြုလုပ်ခဲ့ကြကြောင်း၊ ဘိုင်တီရက်သည် ကာဇက်စတန်၏ ယဉ်ကျေးမှု၊ ဒဏ္ဍာရီနှင့် ခေတ်သစ်တိုးတက်မှုတို့ကို ပေါင်းစပ်ထားသော အံ့ဖွယ်အဆောက်အအုံတစ်ခုဖြစ်ကာ ငြိမ်းချမ်းမှု၏ ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း၊ လာရောက်လေ့လာကြသူများအနေဖြင့်လည်း Baiterek အထိမ်းအမှတ် အဆောက်အအုံတွင် ဆုတောင်းမှုများကို ပြုလုပ်ကြကြောင်း သိရှိရသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Baiterek သမိုင်းဝင်အထိမ်းအမှတ် အဆောက်အအုံလေ့လာရေးမျှော်စင်အတွင်း ကြည့်ရှုလေ့လာစဉ်။

**❖ Baiterek သမိုင်းဝင်အထိမ်းအမှတ် အဆောက်အအုံလေ့လာရေးမျှော်စင်သည် ၁၉၉၇ ခုနှစ်တွင် ကာဇက်စတန်၏မြို့တော် အက်စတာနာအဖြစ် ပြောင်းရွှေ့မှုအဖြစ် သင်္ကေတပြုသော သမိုင်းဝင်အဆောက်အအုံဖြစ်ပြီး နိုင်ငံ၏သင်္ကေတနှင့် ခေတ်သစ်ဗိသုကာလက်ရာ၏ ထင်ရှားသော မှတ်တိုင်နေရာတစ်ခုဖြစ်သည့်အပြင် ကာဇက်စတန်လူမျိုးများ၏ ဘဝသစ်စတင်ရာနေရာတစ်ခုလည်းဖြစ်**

**❖ Baiterek အထိမ်းအမှတ်အဆောက်အအုံကို မြို့တော်၏ ယဉ်ကျေးမှုဗဟိုချက်အဖြစ် ဖန်တီးခဲ့ခြင်းဖြစ်ပြီး မြေအောက် ၄ ဒသမ ၅ မီတာတွင် ငါးပြတိုက်၊ ကော်ဖီဆိုင်နှင့် ယဉ်ကျေးမှုစင်တာတစ်ခုရှိကာ ၃၄ လွှာရှိ "ရွှေဘောလုံး"တင်ထားသည့်နေရာ လေ့လာရေးမျှော်စင်မှ မြို့ပြ၏ရှုခင်းများကို ကြည့်ရှုခံစားနိုင်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အက်စတာနာမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုတီးကုန်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုနည်း အသိပညာပေး

**သဲကုန်း စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) အသုံးပြုနည်း အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့စမ်းသပ်ဆန္ဒမဲပေးခြင်း သရုပ်ပြပွဲကို စက်တင်ဘာ ၂၆ ရက်က သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ ချမ်းမြေ့သာယာရပ်ကွက် သကျမာရ်အောင်ဘုရားကြီးဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ပုတီးကုန်းမြို့ အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်သူဇာခင်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းအဆင့်ဆင့်နှင့် မဲပေးခြင်းဆိုင်ရာ နည်းစနစ်များ၊ အကျိုးကျေးဇူးများကို မဲဆန္ဒရှင်ပြည်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဦးစီးအရာရှိနှင့် ဝန်ထမ်းများ ကြီးကြပ်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ပုတီးကုန်းမြို့အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်/ ကျေး စာရေးများ၊ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် တစ်ဦးချင်း လက်တွေ့စမ်းသပ်သရုပ်ပြ ဆန္ဒမဲပေးခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်း စသည့်မဲပေးပုံအဆင့်ဆင့်ကို မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။

**ကိုကျော်(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၈**

ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံ အက်စတာနာမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်သို့ ရောက်ရှိကြရာ နန်းတော်မှ General Director Mr. Yakupov Daniyar Abaevich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်မှ General Director Mr. Yakupov Daniyar Abaevich နှင့်တာဝန်ရှိသူများက ဧည့်ခန်းမဆောင်တွင် တွေ့ဆုံ၍ ကာဇက်စတန်နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်ဆိုင်ရာများ၊ ကာဇက်စတန်နိုင်ငံတွင် လူမျိုးပေါင်း ၁၀၀ ကျော်ရှိပြီး လူမျိုးစုများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန် လိုအပ်သည့်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်ကို တည်ဆောက်ခဲ့မှုနှင့် အမျိုးသားရေးညီလာခံကို နှစ်စဉ်လက်ခံကျင်းပဆောင်ရွက်လျက်ရှိမှု၊ လူမျိုးစုများအချင်းချင်း ချစ်ကြည်မှုနှင့် နားလည်မှုရှိအောင် ဆောင်ရွက်သွားရန်လိုအပ်မှု၊ ကာဇက်စတန်နိုင်ငံရှိ ဘာသာရေးဆိုင်ရာ ခေါင်းဆောင်များအစည်းအဝေးကိုလည်း လက်ခံကျင်းပခဲ့မှုနှင့် နန်းတော်အတွင်း ငြိမ်းချမ်းရေးနှင့်

*စာမျက်နှာ ၆ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံ အက်စတာနာမြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်မှ General Director Mr. Yakupov Daniyar Abaevich နှင့် တွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အက်စတာနာမြို့ရှိ အမျိုးသားပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၅ မှ*

ဘာသာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပပြုလုပ်ခဲ့မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံသည်လည်း တိုင်းရင်းသားလူမျိုးများ အတူတကွ စုပေါင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ပြန်လည်ဆွေးနွေးပြောကြားပြီး ကာဇက်စတန်နိုင်ငံဆိုင်ရာများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးနန်းတော်ဆိုင်ရာများနှင့် ပတ်သက်၍သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်အတွင်းရှိ ကဇာတ်ရုံခန်းမကြီးနှင့် နန်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်သည် ပိရမစ်ပုံစံဒီဇိုင်း ရေးဆွဲတည်ဆောက်ထားသည့် ခေတ်မီအဆောက်အအုံတစ်ခုဖြစ်ကာ စုစုပေါင်းဧရိယာစတုရန်းပေ ၃၀၀၀၀၀ (စတုရန်းမီတာ ၂၈၀၀၀) ကျယ်ဝန်းပြီး ၆၂ မီတာ (၂၀၃ ပေ)မြင့်သော ခမ်းနားထည်ဝါသည့် အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ဘာသာရေးအခမ်းအနားများအပြင် ဖျော်ဖြေပွဲများ၊ ရုပ်ရှင်ပွဲတော်များနှင့် အမျိုးသားရေးညီလာခံအခမ်းအနားများ ကျင်းပရာ အဆောက်အအုံတစ်ခုလည်းဖြစ်ပြီး ကာဇက်စတန်နိုင်ငံအတွက် အရေးပါသောနေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်အတွင်း လှည့်လည်ကြည့်ရှုအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**အမျိုးသားပြတိုက်**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်မှ အထွေထွေရေးရာ ဒုတိယညွှန်ကြားရေးမှူး Mr. Sairan Temirgalievich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အမျိုးသားပြတိုက်အတွင်း လှည့်လည်၍ ကာဇက်စတန်လူမျိုးနှင့် နိုင်ငံတို့၏ သမိုင်းကြောင်း နောက်ခံအကြောင်းအရာများ၊ အဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာဆိုင်ရာများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ ကာဇက်စတန်နိုင်ငံ အမျိုးသားပြတိုက်သည် အာရှအလယ်ပိုင်းတွင် အကြီးမားဆုံးနှင့် အဆန်းသစ်ဆုံးပြတိုက်တစ်ခုဖြစ်ကာ ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြတိုက်တွင် ခန်းမ ၁၁ ခုပါဝင်ပြီး အဆိုပါခန်းမများတွင် ယခင်ခေတ်မှ ယခုအချိန်ထိ ဖြစ်ပေါ်ခဲ့သော ကာဇက်စတန်နိုင်ငံ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုများစွာကို ပုံဖော်ပြသထားကြောင်း၊ အမျိုးသားပြတိုက်အား အပတ်စဉ် တနင်္လာနေ့တိုင်းပိတ်၍ အင်္ဂါနေ့မှ တနင်္ဂနွေနေ့အထိ ၁၀:၀၀ နာရီမှ ၁၈:၀၀ နာရီအထိ ဖွင့်လှစ်ထားရှိကြောင်း၊ လာရောက်လေ့လာကြသူများအနေဖြင့် ကာဇက်စတန်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကို သိရှိနိုင်ရန်အတွက် ကာဇက်စတန်ဘာသာစကား၊ ရုရှားဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားများဖြင့် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။

ပြတိုက်အတွင်း ပြကွက်တစ်ခုချင်းစီအလိုက် လေ့လာကြည့်ရှုမှုအပြီးတွင် အက်စတာနာမြို့ဆိုင်ရာ ပြခန်း၌ မြို့ပြစီမံအုပ်ချုပ်ရေးအဖွဲ့မှ Mr. Smogulov Nurasyl က ယခင်ကမြို့တော်ဖြစ်သည့် အာမာတီမြို့မှ ယခု အက်စတာနာမြို့နေရာသို့ မြို့ပြအခြေခံအကွက်ချပုံစနစ်တကျရေးဆွဲ၍ ၂၀၀၀ ပြည့်နှစ် ဇွန် ၆ ရက်ကစပြီး တည်ဆောက်ခဲ့မှု၊ စတင်ဆောင်ရွက်ခဲ့စဉ်က လူဦးရေ ၈ သိန်းခန့်အထိ နေထိုင်နိုင်ရေး အခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်မှုများနှင့် အခြားလိုအပ်ချက်များကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် တိုးတက်လာသော လူဦးရေနှင့်အညီ ထပ်မံတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ ခေတ်မီနည်းစနစ်များဖြင့် မြို့ပြအား ဆက်လက်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ပြတိုက်မှ အထွေထွေရေးရာ ဒုတိယညွှန်ကြားရေးမှူး Mr. Sairan Temirgalievich ၊ မြို့ပြစီမံအုပ်ချုပ်ရေးအဖွဲ့မှ Mr. Smogulov Nurasyl တို့သည် အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အက်စတာနာမြို့ရှိ အမျိုးသားပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ရက် ၉၀ သာ လိုတော့သည်။

❖ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊

❖ လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ဆောင်းပါးဆု၊ စာပေထူးချွန်ဆု၊ သင်တန်းထူးချွန်ဆု၊ အားကစားထူးချွန်ဆုရရှိခဲ့ကြသည့်ဝန်ထမ်းများ ဆုချီးမြှင့်



**နေပြည်တော် စက်တင်ဘာ ၂၈**
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ဆောင်းပါးဆု၊ စာပေထူးချွန်ဆု၊ သင်တန်းထူးချွန်ဆု၊ အားကစားထူးချွန်ဆု ရရှိခဲ့ကြသည့် ဝန်ထမ်းများ ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထူးချွန်ဆုရရှိသူ ဝန်ထမ်းများ၊ တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရရှိကြသူများသည် ကြိုးစားအားထုတ်မှု၊ ဖွဲ့လုံ့လရှိမှုနှင့်ဉာဏ်ရည်ဉာဏ်သွေး ပြည့်ဝမှုများကြောင့် ထိုက်တန်သည့်ဆုများကို ရရှိခဲ့ကြသူများဖြစ်ကြောင်း၊ ယခုကဲ့သို့ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို သွန်သင်ပံ့ပိုးကူညီခဲ့သည့် မိဘများကိုလည်း အသိအမှတ်ပြုချီးကျူးပါကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနအဆင့် သင်တန်းများ၊ ပြည်ပသင်တန်းများနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရသူ အရာထမ်း/အမှုထမ်းများကိုလည်း နိုင်ငံ့ဂုဏ်သာမက ဝန်ကြီးဌာနဂုဏ်ကိုပါ မြှင့်တင် ကြိုးပမ်းပေးခဲ့ကြ၍ အထူးပင် ဝမ်းမြောက်ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ သင်ကြားတတ်မြောက်လာသည့် အသိပညာ၊ အတတ်ပညာနှင့်ဗဟုသုတများကို အကျိုးရှိစွာအသုံးချ၍ မိခင်ဝန်ကြီးဌာနနှင့် နိုင်ငံတော်အတွက် အားထားရသည့်ဝန်ထမ်းကောင်းများဖြစ်အောင် ဆက်လက် ကြိုးစားသွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင် တတိယဆုရရှိသူတစ်ဦး၊ ပြည်ပ မဟာဘွဲ့သင်တန်းတွင် စာပေထူးချွန်ဆုရရှိသူတစ်ဦး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် ဝန်ကြီးဌာနအဆင့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ၂၆ ဦး၊ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၊ ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးအသင်း ဒုတိယဆု၊ အမျိုးသားဖူဆယ်အသင်း ဒုတိယဆု၊ ဂေါက်သီး(အလွတ်တန်း) အသင်းလိုက် ဒုတိယဆု၊ ဂေါက်သီး (အလွတ်တန်း) တစ်ဦးချင်း ဒုတိယဆုနှင့် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆု ရရှိခဲ့ကြသည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားသမားများကို ဂုဏ်ပြုဆုများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေကြသော ဝန်ထမ်းသားသမီးများထံ ပညာသင်ထောက်ပံ့ကြေးများကို ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ရင်သွေးငယ်များအား ထူးချွန်အောင် ပြုစုပျိုးထောင်ပေးခဲ့ကြသည့် မိဘဝန်ထမ်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့သည့် တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၂၈**
၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့သည့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့နှင့် ဒုံးတပ်ဖွဲ့တို့၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော တပ်ဖွဲ့ဝင်တို့၏ သား/သမီးများ၊ စစ်သည်များ၊ အငြိမ်းစားတပ်ဖွဲ့ဝင်တို့၏ သားသမီးများ စုစုပေါင်း ၁၇၃ ဦးတို့အား Artillery Gunners Foundation မှ ရန်ကုန်၊ မိတ္ထီလာ၊ အောင်ပန်းတို့ရှိ နယ်မြေခံတပ်များ၌ စက်တင်ဘာ ၂၈ ရက်တွင် (၃)နေရာခွဲ၍ ပညာရည်ချွန်ဆုပေးအပ်သည့် အခမ်းအနားများ ကျင်းပခဲ့သည်။

အခမ်းအနားများသို့ ဖောင်ဒေးရှင်းအမှုဆောင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဆုရရှိသူများ၏ မိဘများ တက်ရောက်ခဲ့ကြပြီး ပညာရည်ချွန်ဆုများကို ဖောင်ဒေးရှင်းနာယက၊ ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် တပ်မတော်အရာရှိကြီးများက ပေးအပ်ချီးမြှင့်ခဲ့သည်။(အောက်ပုံ)

**သတင်းစဉ်**



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၈**
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# အန္တရာယ်ကြီးမားသည့် တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်နိုင်ရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ကြပါစို့

**စာရေးသူတို့နိုင်ငံ၏ ပထဝီအနေအထားအရ နယ်စပ်တစ်လျှောက် နှစ်နိုင်ငံထိစပ်မှု ဧရိယာ ရှည်လျားပြီး တောတောင်ရေမြေအားဖြင့် အချို့နယ်စပ်ဒေသများတွင် အိမ်နီးချင်း နိုင်ငံများနှင့် ကုန်းနယ်နိမိတ်၊ ရေနယ်နိမိတ် ထိစပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။**

*ဖိုးအောင်*

ဝိသမလောဘ စီးပွားရေးသမားများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက နှစ်နိုင်ငံ နယ်စပ် ထိစပ်နေသည့်နေရာများကို အသုံးပြု၍ တရားမဝင် ဝင်/ထွက်ဂိတ်များမှတစ်ဆင့် ကုန်ပစ္စည်းဝင်/ထွက် ဖြတ်သန်းမှုများ ဆောင်ရွက်လျက်ရှိပြီး တရားမဝင် ကုန်သွယ်မှုများ ဆောင်ရွက်နေပါသည်။

**တရားမဝင် ကုန်သွယ်မှုများအား ထိထိရောက်ရောက်နှိမ်နင်းရန် လိုအပ်**

တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေပြီး နိုင်ငံတော်၏ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာစေသည့် အပြင် အသေးစား၊ အငယ်စား၊ အလတ်စား ပြည်တွင်းစီးပွားရေး ကုန်ထုတ်လုပ်ငန်းများ (Micro,Small and Medium Enterprises – MSME) ကိုလည်း ထိခိုက်စေပါသည်။ သို့အတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ပြီး အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးခြင်း၊ အလုပ်လက်မဲ့များပြားလာခြင်းများ ဖြစ်ပေါ်လျက် ရှိသည်ကို တွေ့ရှိရပါသည်။ တရားမဝင်ကုန်သွယ်မှု လုပ်ငန်းများ ကြီးထွားလာခြင်းကြောင့် ငွေကြေး မတည်ငြိမ်မှုများနှင့် ကုန်ဈေးနှုန်းကြီးမြင့်သည့် ဒဏ်ကို ပြည်သူအများ ခံစားရသည့်အပြင် နိုင်ငံတော်၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို လည်း ထိခိုက်စေသည့်အတွက် တရားမဝင် ကုန်သွယ်မှုများအား အမျိုးသားရေးတာဝန် တစ်ရပ် အနေဖြင့် ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးနှိမ်နင်းရန် လိုအပ်လျက်ရှိကြောင်း တွေ့ရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက “တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ” ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက OSS အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ၍ လည်းကောင်း သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်း၍ တားဆီးဖမ်းဆီးစစ်ဆေးခြင်းများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်လျက်ရှိပါသည်။




ဖမ်းဆီးရမိသည့် တရားမဝင်ကုန်စည်များ။

ဤမျှ တရားမဝင်ကုန်သွယ်မှုများအား ကြပ်ကြပ်မတ်မတ် တားဆီးဖမ်းဆီး ဆောင်ရွက်နေသော်လည်း တရားမဝင်ကုန်သွယ်မှုများကား ပျောက်ကွယ်သွားခြင်း မရှိသေးပါ။ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏကိန်းဂဏန်းများ နှိုင်းယှဉ်ကြည့်လျှင် ကွာခြားမှုများ ရှိနေဆဲပင်ဖြစ်ပါသည်။ ဝိသမလောဘစီးပွားရေးသမားများကလည်း တရားမဝင် ကုန်သွယ်မှုများ ဆောင်ရွက်နိုင်မည့် လမ်းကြောင်းများနှင့် နည်းလမ်းမျိုးစုံကို ရှာဖွေ၍ ပြုလုပ်နေကြဆဲဖြစ်သည်။ တရားမဝင်ကုန်သွယ်မှု နည်းလမ်းမျိုးစုံဖြင့် ပြည်တွင်းဈေးကွက်အတွင်းသို့ အများဆုံးဝင်ရောက်ဖြန့်ဖြူးနေသည့် ကုန်ပစ္စည်းများမှာ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယခုနောက်ပိုင်းတွင် ဈေးကွက်အတွင်း၌ ကုန်အမှတ်တံဆိပ်အတုများဖြင့် ဖြန့်ဖြူးရောင်းချနေသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို တွေ့မြင်ရသည့်အတွက် စိုးရိမ်ဖွယ်ရာအခြေအနေတစ်ရပ်ကို ထပ်မံတွေ့ရှိရပါသည်။ ကုန်အမှတ်တံဆိပ်အတုများဖြင့် ရောင်းချနေသော ကျန်းမာရေး ထောက်ခံချက်မရှိသည့် စားသောက်ကုန်များနှင့် အလှကုန်ပစ္စည်းများ၊ ဆေးဝါးများကို အများပြည်သူ သုံးစွဲမိပါက အန္တရာယ်ကြီးမားပါသည်။ ထို့အပြင် ပြည်တွင်းထုတ် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအား ကုန်အမှတ်တံဆိပ်အတုများဖြင့် ဖြန့်ဖြူးရောင်းချလာပါက အသေးစား၊ အငယ်စား၊ အလတ်စား ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများ၏ ရေရှည်တည်တံ့နိုင်မည့် အကျိုးစီးပွားကို များစွာထိခိုက်စေမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ နယ်စပ်ဒေသလမ်းကြောင်းများတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို အခွင့်ကောင်းယူ၍ ဝိသမလောဘစီးပွားရေးသမားများက တရားမဝင်ကုန်သွယ်မှုများအား ပိုမိုဆောင်ရွက်လျက်ရှိကြောင်း နှစ်နိုင်ငံကုန်သွယ်မှု ကိန်းဂဏန်းအချက်အလက်များနှင့် ဖမ်းဆီးမှု စာရင်းဇယားမှတ်တမ်းများအရ သုံးသပ်တွေ့ရှိရပါသည်။ နယ်စပ်ဒေသလမ်းကြောင်းများမှ ထိထိရောက်ရောက် တားဆီးထိန်းချုပ်ရန် လိုအပ်သကဲ့သို့ လူမှုကွန်ရက်များပေါ်မှ တရားမဝင်ကုန်ပစ္စည်း ရောင်းဝယ်ဖောက်ကားမှု၊ တရားမဝင် သယ်ဆောင်မှုများကိုလည်း လျစ်လျူရှုထား၍ မရပေ။

**အွန်လိုင်းပလက်ဖောင်း**

အွန်လိုင်းပလက်ဖောင်းမှ တရားမဝင် ရောင်းဝယ်မှု၊ သယ်ဆောင်မှုလုပ်ငန်းများ ကြီးမားကျယ်ပြန့်လာသည်နှင့်အမျှ နိုင်ငံတော်၏ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးစေသည့်အပြင် အရည်အသွေးမပြည့်မီသော ကုန်ပစ္စည်းများ၊ ကျန်းမာရေးထောက်ခံချက်မရှိသော စားသောက်ကုန်၊ အလှကုန်နှင့် ဆေးဝါးများပါ ရောင်းဝယ်ဖောက်ကားမှုများရှိသည့်အတွက် ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများကို ထိခိုက်စေပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အလွန်အန္တရာယ်ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဟုပင် ဆိုနိုင်သည်။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၏ ဖမ်းဆီးရမိခဲ့သည့် အချက်အလက်များအရ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်နှင့် ယန္တရားများသာမက မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများပါ ဖမ်းဆီးရမိနေသည့်အတွက် တရားမဝင်ကုန်သွယ်မှုများသည် ကြီးမားကျယ်ပြန့်နေသည့် အခြေအနေရှိကြောင်း သုံးသပ်နိုင်ပါသည်။ တရားမဝင် ကုန်သွယ်မှုများသည် ပြည်သူလူထု၏ ကျန်းမာရေးရှုထောင့်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ရှုထောင့်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးရှုထောင့် မည်သည့်ရှုထောင့်မှ ကြည့်သည်ဖြစ်စေ ထိခိုက်နစ်နာဆုံးရှုံးမှုများသာ ဖြစ်သည့်အတွက် ပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်၍ ထိထိရောက်ရောက် ကာကွယ် တားဆီးဆောင်ရွက်သင့်ပါသည်။ တရားမဝင် ကုန်သွယ်မှုများ ပပျောက်သွားသည်အထိ ဝိုင်းဝန်းတားဆီး ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြည်သူတစ်ရပ်လုံး သိရှိစေရန်အတွက်လည်း အသိပညာပေးခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

**တရားမဝင် ကုန်သွယ်မှုများအား ထိထိရောက်ရောက် တားဆီးဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်မှ တာဝန်ပေးအပ်ထားသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များက တရားမဝင် ကုန်သွယ်မှုများအား ကြပ်ကြပ်မတ်မတ် ထိထိရောက်ရောက် ကာကွယ်တားဆီးဆောင်ရွက်လျက်ရှိပြီး အများပြည်သူများ သတင်းပေးတိုင်ကြားနိုင်ရန်အတွက်လည်း နိုင်ငံပိုင်သတင်းစာများ၊ FM Radio များတွင် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များနှင့် E-mail လိပ်စာများအား ဖော်ပြလျက်ရှိပါသည်။ တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ သတင်းပေးပို့ ပူးပေါင်းဆောင်ရွက်သည့် တာဝန်သိပြည်သူများအား နိုင်ငံတော်က သတင်းပေးဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထုတ်ပေးချီးမြှင့်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားတို့၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်များဖြင့် တရားမဝင် ကုန်သွယ်မှုများ ပပျောက်သွားသည်အထိ ပူးပေါင်းပါဝင်ကူညီကြစေလိုကြောင်းနှင့် နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်သော သတင်းပေးဆုငွေကို ရယူ၍ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းတင်ပြလိုက်ရပါသည်။ ။

**အွန်လိုင်းပလက်ဖောင်းမှ တရားမဝင် ရောင်းဝယ်မှု၊ သယ်ဆောင်မှုလုပ်ငန်းများ ကြီးမားကျယ်ပြန့်လာသည် နှင့်အမျှ နိုင်ငံတော်၏ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးစေသည့်အပြင် အရည်အသွေးမပြည့်မီသော ကုန်ပစ္စည်းများ၊ ကျန်းမာရေး ထောက်ခံချက်မရှိသော စားသောက်ကုန်၊ အလှကုန်နှင့် ဆေးဝါးများပါ ရောင်းဝယ် ဖောက်ကားမှုများ ရှိသည့်အတွက် ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ များကို ထိခိုက်စေ**

❖ **နိုင်ငံတော်မှ တာဝန်ပေးအပ်ထားသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များ က တရားမဝင်ကုန်သွယ်မှုများအား ကြပ်ကြပ်မတ်မတ် ထိထိရောက်ရောက် ကာကွယ်တားဆီးဆောင်ရွက်လျက်ရှိပြီး အများပြည်သူများ သတင်းပေး တိုင်ကြားနိုင်ရန်အတွက်လည်း နိုင်ငံပိုင်သတင်းစာများ၊ FM Radio များတွင် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များနှင့် E-mail လိပ်စာများအား ဖော်ပြလျက် ရှိပါသည်။ တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ သတင်းပေးပို့ ပူးပေါင်းဆောင်ရွက်သည့် တာဝန်သိပြည်သူများအား နိုင်ငံတော်က သတင်းပေး ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထုတ်ပေးချီးမြှင့်လျက်ရှိ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရှိ ဆံတော်တိုက်အဝင်အထွက် လုံခြုံရေးမှန်ကာရံ၍ ဆံတော်တိုက်ပတ်လည်ရွှေချထားသည့် နံရံများ Polycarbonate တပ်ဆင်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွမ်းစီကျောင်းတိုက်ဆရာတော် VAN SHICHANG ZANG မှ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရှိ ဆံတော်တိုက်အဝင်အထွက် လုံခြုံရေးမှန်ကာရံ၍ ဆံတော်တိုက် ပတ်လည်ရွှေချထားသည့် နံရံများ Polycarbonate တပ်ဆင်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်၌ ကျင်းပသည်။**

ဦးစွာ လင်ကွမ်းစီကျောင်းတိုက်ဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ တရုတ်မြန်မာချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဒေါက်တာတင်ထွန်းတို့က လုံခြုံရေးမှန်ကာရံ၍ ရွှေချထားသည့် နံရံများ Polycarbonate တပ်ဆင်လှူဒါန်းထားမှုကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး (ယာပုံ)အမွှေးနံ့သာရည် ပက်ဖျန်းပေးကြကာ လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချမင်္ဂလာအခမ်းအနားကို နန်းဦးဘုရားကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်များ၊ လင်ကွမ်းစီကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မင်းကျောင်းဆရာ တော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့အဖွဲ့ဝင် ဦးအောင်မြတ်က လုပ်ငန်းဆောင်ရွက်လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလျှောက်ထားပြီး လင်ကွမ်းစီကျောင်းတိုက်ဆရာတော်က လှူဒါန်းမှုအစုစုတို့အတွက် ဝမ်းသာပီတိစကား မိန့်ကြားတော်မူသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံပူးပေါင်း၍ ချစ်ကြည်ရင်းနှီးစွာ ကုသိုလ်စိတ်ဖြင့် ဆောင်ရွက်လှူဒါန်းမှုဖြစ်ခြင်းကြောင့် ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အခွန့်ရှည်ပါစေကြောင်း လျှောက်ထားသည်။



ယင်းနောက် ဆရာတော်ကြီးများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လင်ကွမ်းစီကျောင်းတိုက်ဆရာတော်က ဘဏ္ဍာတော်တိုက်အသစ်ဆောက်လုပ်ရန်အတွက် အလှူငွေ ယွမ် ၁၀၀၀၀ ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးသံဃမဟာနာယအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိထံမှ ဧည့်ပရိသတ်များက အနုမောဒနာ တရားနာယူဆောက်တည်ကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး ဆရာတော်ကြီးများအား စေတီတော်ရင်ပြင် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဥတ္တရသီရိမြို့နယ်အတွင်းရှိ စာကြည့်တိုက်များတွင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများ ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် သဲကျွန်းကျေးရွာနှင့် ဇလောင်း (မြောက်) ကျေးရွာအတွင်းရှိ စာကြည့်တိုက်များတွင် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်သည် ဥတ္တရသီရိမြို့နယ် သဲကျွန်းကျေးရွာ “ပညာဗိမာန်” စာကြည့်တိုက်သို့ သွားရောက်ပြီး စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ ပုံပြင်ပြော၊ ကဗျာရွတ်နှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအား စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် စာကြည့်တိုက်တွင် ယခုလို စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စာတတ်သူတိုင်း စာဖတ်နိုင်ကြစေရန် လက်လှမ်းမီသည့် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ စာအုပ်စာပေများကို လေ့လာဖတ်ရှုပြီး မှတ်သားကြရန်၊ မှတ်သားထားသည့် အသိပညာဗဟုသုတများကို မိမိကိုယ်တိုင်အသုံးချနိုင်သည့်အပြင် အခြားသူများကိုလည်း ပြန်လည်မျှဝေပေးနိုင်သည့်အတွက် စာဖတ်ခြင်းအလေ့အကျင့် စွဲမြဲအောင် အစပြု ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားပြီး နေပြည်တော် ကောင်စီဝင်နှင့် တာဝန် ရှိသူများက ပုံပြင်ပြော၊ ကဗျာရွတ်နှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူ များအား ဆုလက်ဆောင်များ၊ ဆိုလာမီးသီးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဇလောင်း (မြောက်)ကျေးရွာ “ဉာဏသုခ” စာကြည့်တိုက်သို့ သွားရောက်၍ ဟောပြောပွဲ၊ ပုံပြင်ပြော၊ ကဗျာရွတ်နှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်နေသည့် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးပြီး စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုနှင့် စာကြည့်တိုက်ရှင်သန်ခိုင်မာစေရေး ဉာဏပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုလက်ဆောင်များ၊ ဆိုလာမီးသီးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

○ *ကျောဖုံးမှ*

နှစ်သင်းကြား ခြေစွမ်းကွာဟမှုမရှိဘဲ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် ပွဲချိန်ပြည့်သည်အထိ ပြိုင်ဆိုင်မှုပြင်းထန်ပြီး အကြိတ်အနယ်ရှိခဲ့သည်။ စပါးအသင်းသည် ပြိုင်ဘက်ဝုဖ်အသင်း၏ တံ့ပြန်ကစားပုံ ကောင်းမွန်မှုကြောင့် သွင်းဂိုးရရှိရေး ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။

ယခုပွဲစဉ်သရေကျခဲ့သော စပါးအသင်းသည် ဦးဆောင်သူ လီဗာပူးအသင်းနှင့် ရမှတ်ကွာဟမှု လေးမှတ်အထိ ရှိလာပြီဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘရန့်ဖို့ဒ်က မန်ယူကို သုံးဂိုး-တစ်ဂိုး၊ ဘရိုက်တန်က ချယ်ဆီးကို သုံးဂိုး-တစ်ဂိုး၊ ခရစ္စတယ်ပဲလေ့စ်က လီဗာပူးကို နှစ်ဂိုး-တစ်ဂိုး၊ မန်စီးတီးက ဘန်လေကို ငါးဂိုး-တစ်ဂိုး၊ ဆန်းဒါးလန်းက နော်တင်ဟမ်ဖောရက်စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီးနိုင်ပွဲကိုယ်စီရရှိခဲ့ပြီး လီဒ်စ်နှင့် ဘုန်းမောက်အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာရှိ မဲဆန္ဒရှင်ပြည်သူများအား MEVM မဲပေးစက်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို ကြည့်ရှုအားပေး

**မကွေး စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက မကွေးခရိုင် မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာ ရွှေစေတီဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား MEVM မဲပေးစက်နှင့် စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ကြည့်ရှုပြီး ဒေသတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။



အခမ်းအနားတွင် မြို့သစ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ကို အသုံးပြုခြင်း ရည်ရွယ်ချက်၊ စက်၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ မဲပေးစက် တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ မဲရုံခင်းကျင်းမှုပုံစံ စသည်တို့ကို ရှင်းလင်းပြောကြားပြီး လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာ ရွှေစေတီဘုန်းတော်ကြီးကျောင်း၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူအများစုက ဒေသစွဲသီးနှံများထက် စီးပွားရေးအရ တွက်ခြေကိုက်သည့် သက်ရင့်အထွက်ကောင်း သီးနှံများကို ရွေးချယ်ကာ မျိုးကောင်းမျိုးသန့်များ စနစ်တကျအသုံးပြုပြီး စိုက်ပျိုးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးနိုင်မှသာ သီးနှံပေါ်ချိန် သီးနှံအထွက်တိုးကောင်းမွန်ပြီး ထွက်ရှိသည့် သီးနှံများ ပြန်လည်ရောင်းချချိန် ဈေးကောင်းရရှိ၍ စိုက်ပျိုးသည့် သီးနှံများအား ပန်းတိုင်အထွက်နှုန်း ရရှိရန် အဓိကလိုအပ်ပါကြောင်း၊ ဒေသထွက်ကုန်များ မှတစ်ဆင့် MSME ထုတ်ကုန်များ ထုတ်လုပ်နိုင်သည် အထိ ကြိုးစားစေလိုကြောင်းနှင့် တောင်သူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ဝါးကြီးအိုင်ကျေးရွာမှ ဒေသခံတောင်သူများ၏ ဆိုလာစနစ် တပ်ဆင်အသုံးပြု၍ စိုက်ပျိုးရေရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးလက်လမ်းများ တိုးချဲ့ပြုပြင်ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာစာသင်ကျောင်း အုတ်တံတိုင်း ကာရံပေးနိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ရေး၊ အရန်မီးသတ်စခန်းထားရှိပေးနိုင်ရေးစသည့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်တင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က MRTV Set Top Box နှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(မြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ၂၈ မြို့နယ်မှ နှလုံးရောဂါလူနာပေါင်း ၁၀၀၀ ကျော်ကို စမ်းသပ်ကုသပေး

**ပဲခူး စက်တင်ဘာ၂၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ နှလုံးနှင့် သွေးကြောရောဂါ လာရောက်ပြသကြသည့် လူနာများကို လိုက်လံကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ပဲခူးဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ မြို့မိမြို့ဖများနှင့်အတူ နှလုံးနှင့် သွေးကြောရောဂါ လာရောက်ပြသကြသည့် လူနာများအား လိုက်လံကြည့်ရှုကြပြီး အားပေးစကားများ ပြောကြားကာ ဆေးဝါးပြည့်စုံလုံလောက်စွာ ပေးနိုင်ရေး ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆေးရုံလာရောက် ပြသလာကြသည့် နှလုံးရောဂါလူနာ ၁၀၀၀ ကျော်ကို နေ့လယ်စာကျွေးမွေးသည်။



အဆိုပါ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့(World Heart Day)အထိမ်းအမှတ် နှလုံးနှင့် သွေးကြောရောဂါဆိုင်ရာ ဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခြောက်ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်မှ နှလုံးရောဂါလူနာပေါင်း ၁၀၀၀ ကျော်ကို တပ်မတော် စစ်ဆေးရုံမှ ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးနှင့် ကနသာယာဆေးရုံတို့မှ ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် မြန်မာနိုင်ငံနှလုံးရောဂါ ပညာရှင်များအဖွဲ့ (Myanmar Cardiac Society) မှ ပါမောက္ခ ဒေါက်တာနွယ်နွယ် ဦးဆောင်၍ နှလုံးရောဂါအထူးကုဆရာဝန်ကြီး ၃၃ ဦးက လာရောက်စမ်းသပ်ကုသပေးကြခြင်းဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရှေးဟောင်းသမိုင်းဝင်ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ဂေါပကရုံးသို့ ရောက်ရှိကာ ရွှေမော်ဓော စေတီတော်မြတ်ကြီး ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေး၊ စေတီတော်မြတ်ကြီး ငလျင်ဒဏ်အပါအဝင် သဘာဝ ဘေးအန္တရာယ်များကြောင့် ထိခိုက်မှုမရှိစေရေး စေတီတော်မြတ်ကြီး၏ ကိုယ်လုံးတော်အတွင်း၌ ကြံ့ခိုင်ရေးပြန်လည်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုများ၏ ကောင်းမှုဖြင့် နေ့ပွဲခံ စကျင်ပြေးကပ်လှူခြင်း၊ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေး ရင်ပြင်တော်ပေါ်ရှိ ဓမ္မာရုံများ ပြန်လည်ပြင်ဆင်နေမှုနှင့် ဘက်စုံပြုပြင် မွမ်းမံနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမော်ဓောစေတီတော်မြတ်ကြီး ယာဉ်ရပ်နားဝင်း၌ MSMEs လယ်ယာသုံး စက်ကိရိယာ ပစ္စည်းထုတ်ကုန်များ ပြပွဲ/ပြိုင်ပွဲကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**

# ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံပေး

**နေပြည်တော် စက်တင်ဘာ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် တောင်သူ ဦးတင်ထွန်းအောင်၏ လယ်မြေဧက ၂၀ တွင် စိုက်ပျိုးထားသော ပေါ်ဆန်းမွှေး စပါးစိုက်ခင်း၊ နို့စားနွား၊ ကျွဲမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ သဘာဝ မြေသြဇာ ထုတ်လုပ်သုံးစွဲနေမှုနှင့် တောင်သူ ဦးစိုးအောင်၏ ကောက်ညှင်းဆန်စိုက်ခင်းနှင့် ဥစားဘဲအကောင်ရေ ၆၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍနှစ်ရပ် ပါဝင်သည့် ပေါင်းစည်းလယ်ယာစနစ် ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေတိုးတက်ခံစားရနိုင်မှု၊ လယ်ယာဘေးထွက်ပစ္စည်းများမှ တိရစ္ဆာန်အစာ ဖြည့်ဆည်းပေးနိုင်မှုနှင့် တိရစ္ဆာန်အညစ်အကြေးမှသဘာဝမြေသြဇာအဖြစ် အသုံးပြုမှုများ ပါဝင်သည့် လှည့်ပတ်သုံးစွဲ နည်းစနစ်ကို တောင်သူများ တွင်ကျယ်စွာ အသုံးပြုဆောင်ရွက်ရန်ဆွေးနွေး ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပေတောကျေးရွာရှိ အလုံပိတ်အအေးခန်းစနစ်ဖြင့် မွေးမြူထားသည့် Pay Taw Farm Land Farm တွင် ဥစားကြက်ကောင်ရေ ၇၅၀၀၀ မွေးမြူထားရှိမှု၊ အလိုအလျောက် အစာကျွေးစနစ်၊ ဥကောက်စနစ်နှင့် ဈေးကွက်သို့ ဖြန့်ဖြူးနေမှုတို့ကို ကြည့်ရှုအားပေးကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ အကြံပြုဆွေးနွေး မှာကြားသည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ယနေ့ကျရောက်သည့် (၁၈) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ် တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် တပ်ကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနရုံး၌ ကျင်းပသည့် ခွေးရူးပြန်ကာကွယ်ဆေးထိုးခြင်း အခမ်းအနားသို့ တက်ရောက်၍ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ ဖြစ်ပေါ်လာပုံ၊ ၂၀၂၅ ခုနှစ် World Rabies Day ဆောင်ပုဒ်ဖြစ်သည့် "ACT NOW: YOU, ME COMMUNITY" "ခွေးရူးရောဂါကင်းစင်ရေး၊ မနေ့အမြန်လက်တွဲပေး" နှင့် ပတ်သက်၍ အသိပညာပေး ဟောပြောဆွေးနွေးပြီး တာဝန်ရှိသူများ၏ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်လေးဆူ ညောင်ရွှေမြို့ အဌဒိသာဓမ္မဝိဟာရ ဒေသစာရီ စံကျောင်းတော်ကြီးသို့ ပင့်ဆောင်ကြွချီပူဇော်ခံ



ညောင်ရွှေ စက်တင်ဘာ ၂၈

**အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားလေးဆူသည် အင်းလေးဒေသ (၂၁)ဌာနသို့ ကြွချီပူဇော်ခံလျက်ရှိရာ ယနေ့ နံနက် ၇ နာရီတွင် ညောင်ရွှေမြို့နယ် လင်းကင်းကျေးရွာမှ အင်းလေးရိုးရာဘုရားဆွဲလှေ ၄၃ စင်းဖြင့် အင်းလေးရေပြင်ကိုဖြတ်၍ ညောင်ရွှေမြို့ အဌဒိသာဓမ္မဝိဟာရ ဒေသစာရီစံကျောင်းတော်ကြီးသို့ ပင့်ဆောင်ကြွချီပူဇော်ခံလျက်ရှိသည်။**

ဦးစွာ ညောင်ရွှေမြို့ ဖောင်တော်ပြန်မဏ္ဍပ်ရှေ့တွင် နိုင်ငံတော်အဆင့်ရွှေတံဆိပ်နှစ်ဆုရှင် ဆိုင်းဝိုင်းအဖွဲ့မှဖျော်ဖြေခြင်း၊ ဆွမ်းပို့လှေသရုပ်ပြသခြင်း၊ ကိန္နရီကိန္နရာအက၊ အင်းတိုင်းရင်းသားအက၊ တိုးနရားအက၊ အင်းပေါခုန်၊ ဟဲယာရွာမ ရေယာဉ်အလှဖြင့် သရုပ်ပြသဖျော်ဖြေမှုတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ ပွဲတော်လာသဒ္ဓါပရိသတ်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်လေးဆူပင့်ဆောင်လာသည့် ကရဝိက်ဖောင်တော်သည် ညောင်ရွှေမြို့ နန်းကပ်ချောင်းအတိုင်း ညောင်ရွှေမြို့ ဖောင်တော်ဆိုက်ပြာသာဒ်သို့ ရောက်ရှိလာရာ ကရဝိက်ဖောင်တော်ပေါ်မှ အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ် လေးဆူကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ ပင့်ဆောင်၍ ညောင်ရွှေမြို့အတွင်းသို့ လှည့်လည်အပူဇော်ခံမည့် ဘော်ယာဉ်ပြာသာဒ်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ယင်းနောက် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့အတွင်း လှည့်လည်ပူဇော်ခံနေစဉ် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲများကျင်းပရာ ဗိုလ်လုပွဲယှဉ်ပြိုင်မှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ပွဲတော်လာသဒ္ဓါပရိသတ်များက ကြည့်ရှုအားပေးကြပြီး ဆုချီးမြှင့်ပွဲကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့အတွင်း လှည့်လည်အပူဇော်ခံပြီး အဌဒိသာဓမ္မဝိဟာရဒေသစာရီ စံကျောင်းတော်သို့ ရောက်ရှိချိန်တွင် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များသည် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်စေရန်အတွက် ညောင်ရွှေမြို့ အဌဒိသာဓမ္မဝိဟာရ ဒေသစာရီ စံကျောင်းတော်၌ ယနေ့မှ စက်တင်ဘာ ၃၀ ရက်အထိ ၃ ရက်တိုင်တိုင် ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဟိုပုံးမြို့နယ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ပဥ္စမအကြိမ် နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**ဟိုပုံး စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ နာဂပုရသာသနာလင်္ကာရအသင်းကြီးက ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပဥ္စမအကြိမ် နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နောင်တောင်း ပရဟိတကျောင်းတိုက်၌ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဆရာတော် သံဃာတော်များ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ခွန်စံလွင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သာသနာလင်္ကာရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာလင်္ကာရက ၂၀၂၅ ခုနှစ် နာဂပုရသာသနာလင်္ကာရသာမဏေကျော် စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် စာဖြေသံဃာတော်များနှင့် သီလရှင်များ အတန်းလိုက် ဖောင်သွင်းစာရင်းချုပ်များကို လည်းကောင်း၊ နောင်တောင်း ပရဟိတတပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒသိရီက လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဖာလွိုင်ဗွေလွန်းကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍဝက ၂၀၂၄ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရ သာသနာလင်္ကာရ စာမေးပွဲအတွက် အလှူခံရရှိငွေနှင့် သုံးငွေဆိုင်ရာများကို လည်းကောင်း မိန့်ကြားကြသည်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ခွန်စံလွင်က စာမေးပွဲဖြစ်မြောက်ရေးအတွက် လျှောက်ထားပြီး ဓမ္မာလင်္ကာရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇယက ပဥ္စမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရ သာသနာလင်္ကာရ သာမဏေကျော် စာမေးပွဲဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းခြင်းမူကြမ်းကို အဆိုတင်သွင်းကာ တက်ရောက်လာသူများက နာဂပုရသာမဏေကျော်စာမေးပွဲတွင် စာဖြေရန် ကြွရောက်လာကြမည့် ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား နေရာချထားပေးမှု၊ ဆွမ်း၊ ခဲဖွယ်များ စီစဉ်ဆောင်ရွက်ထားရှိမှု၊ ဝေယျာဝစ္စနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီး၊ ရေ၊ ဘဏ္ဍာငွေသုံးစွဲမှု၊ အခမ်းအနား ပြင်ဆင်နေမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ လုံခြုံရေး၊ ဖွင့်ပွဲအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူမည့်အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် အလှူရှင်များက နာဂပုရသာသနာလင်္ကာရ စာမေးပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်(ဝဲပုံ)က လက်ခံရယူပြီး နာဂပုရသာသနာလင်္ကာရ စာမေးပွဲအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

နာဂပုရ သာမဏေကျော် စာမေးပွဲကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်းများမှ စာရင်းသွင်းရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း အပါး ၃၃၀၀ ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ဥတ္တရသီရိမြို့နယ်၌ သီးနှံများတစ်နှစ်သုံးသီးစိုက်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး နည်းပညာပေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း သီးနှံများတစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ထွက်ရှိလာသော စိုက်ပျိုးသီးနှံထွက်ကုန်များ ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး နည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၅ ရက်က မောင်းရမ်းကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးမျိုးဇော်၊ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးနိုင်နှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့သည်။



ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးမျိုးဇော်က နည်းပညာပေး ဆွေးနွေးပွဲကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်သော သီးနှံပုံစံများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ မြေဆီလွှာစီမံခန့်ခွဲရေး၊ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေးနှင့် ဓာတ်မြေဩဇာများ အကျိုးရှိစွာ အသုံးပြုရေး၊ သီးနှံဖျက်ပိုးများကို ဘက်စုံကာကွယ်ရေး နည်းလမ်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းရေး၊ ပိုးသတ်ဆေးများအား စနစ်တကျ သုံးစွဲရေးတို့ကို နည်းပညာပေး ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော တောင်သူများက သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၈**

စက်တင်ဘာ ၂၉ ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

## တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သုံးထပ်ကွမ်းလူရည်ချွန်နှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်

**ဝါးခယ်မ စက်တင်ဘာ ၂၈**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သုံးထပ်ကွမ်းလူရည်ချွန်နှင့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများ၊ သင်ကြားပြသပေးသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပွဲကို ဝါးခယ်မမြို့နယ် ရွှေခယ်သီရိ အားကစားခန်းမ၌ စက်တင်ဘာ ၂၅ ရက်က ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် တာဝန်ရှိသူများက အခြေခံပညာအထက်တန်းကျောင်းအဆင့်တွင် အောင်ချက်အကောင်းဆုံး ကျောင်းများဖြစ်သည့် အထက(ကျုံမငေး)၊ အထက(စံအိပ်)၊ အထက(၁) ကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တွင် အောင်ချက်အကောင်းဆုံး ကျောင်းများဖြစ်သည့် အထက(ခွဲ) ဘုရားချောင်း၊ အထက (ခွဲ) ကျွန်းပြသာဒ်၊ အထက(ခွဲ) မရမ်းချောင်းကျုံ စသည့် ကျောင်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးခဲ့ကြသည့် ဘာသာရပ်သင် ဆရာ ဆရာမ ၅၆ ဦးနှင့် သုံးထပ်ကွမ်းလူရည်ချွန် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်၅၄ဦး တို့အားမြို့နယ်ပညာရေးမှူး ဒေါ်နန်းစမ်စွမ်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အသိပညာပေး

**ပွင့်ဖြူ စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့က မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) စနစ်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အသိပညာပေးလုပ်ငန်းကို စက်တင်ဘာ ၂၆ ရက်က ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်တဥ္စာစိုးက မြန်မာအီလက်ထရောနစ်မဲပေးစက်၏ လုပ်ဆောင်ချက်များနှင့် ကိုင်တွယ်အသုံးပြုပုံနည်းစနစ်များ၊ မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာဆန္ဒမဲပေးနိုင်သော အခွင့်အရေးများနှင့် စနစ်တကျ မဲပေးပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စံပြကျေးရွာရှိ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ကို အသုံးပြု၍ လွှတ်တော်အသီးသီးတွင် ကိုယ်တိုင်မဲပေးခြင်းကို လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## နန်းယွန်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်လှစ်

**နန်းယွန်း စက်တင်ဘာလ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း သင်တန်းကို စက်တင်ဘာ ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာတင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး၊ ရဲမှူးခင်မောင်ထွေးက ဖြည့်စွက်ဆွေးနွေးကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးနှစ်သစ်ကူးက မြန်မာအီလက်ထရောနစ် မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ပြီး မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်ပတ်သက်၍ ကျွမ်းကျင်စွာ အသုံးပြုနိုင်စေရန် လက်တွေ့သရုပ်ပြခြင်းများ ပြုလုပ်ခဲ့ကြသည်။

**နန်းယွန်း(ပြန်/ဆက်)**



## တိုင်ဖွန်းမုန်တိုင်း ဘူအလွိုင် လေဖိအားနည်းဆဲလ်အဖြစ် မြန်မာနိုင်ငံကို ဆက်လက်ဖြတ်ကျော်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၈**

**တိုင်ဖွန်းမုန်တိုင်း “ဘူအလွိုင်” အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ဘူအလွိုင်” သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားလျက်ရှိပြီး ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ မြောက်-အရှေ့မြောက်ဘက် ရေမိုင် ၅၀ ခန့်နှင့် ဗင့်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

**တိုင်ဖွန်းမုန်တိုင်း “ဘူအလွိုင်” ၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း “ဘူအလွိုင်” သည် ညနေ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၇.၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၀၈.၁ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၇၅ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၇၅ မိုင်နှုန်းခန့် ဖြစ်သည်။


**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း “ဘူအလွိုင်” သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းခြေဒေသများကို ဗင့်မြို့နှင့် ဒါနန်းမြို့တို့ကြား ဒုံဟွိုင်မြို့အနီးမှ အားကောင်းသော အပူပိုင်းမုန်တိုင်း “ဘူအလွိုင်” အဖြစ်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ထိုမှတစ်ဆင့် စက်တင်ဘာ ၂၉ ရက်တွင် ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်တို့ကို အပူပိုင်းမုန်တိုင်း “ဘူအလွိုင်” အဖြစ်ဖြင့်လည်းကောင်း၊ စက်တင်ဘာ ၃၀ ရက်တွင် လာအိုနိုင်ငံကို အပူပိုင်းမုန်တိုင်းငယ်အဖြစ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံကို လေဖိအားနည်းဆဲလ်အဖြစ်ဖြင့်လည်းကောင်း ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း “ဘူအလွိုင်” မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် ယနေ့ညနေမှ အောက်တိုဘာ ၁ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်

Japan Meteorological Agency (JMA) မှ တိုင်ဖွန်းမုန်တိုင်း “ဘူအလွိုင်” (BUALOI) လမ်းကြောင်းပြပုံ



သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။

**မြန်မာ့အလင်း**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ၌ သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီး၌ ဆီမီး ၅၀၀၀ နှင့် မိုးပျံပူဖောင်းများ လွှတ်တင်ပူဇော်မည်



**မင်းဘူး စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီး၌ ဆီမီး ၅၀၀၀ နှင့် မိုးပျံပူဖောင်းများ လွှတ်တင်ပူဇော်မည်ဖြစ်ကြောင်း ဘုရားကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သိန်းထံမှ သိရသည်။

စက္ကိန်းတဲဘုရားကြီးတွင် သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်၊ တန်ခူးလ၊ ကဆုန်လနှင့် အခါကြီး၊ ရက်ကြီးများတွင် ဆီမီးပူဇော်ပွဲ၊ မိုးပျံပူဖောင်းလွှတ်တင်ပွဲ၊ စတုဒိသာသင်္ဘောခံကျွေးမွေးပွဲ၊ ပဋ္ဌာန်းမြတ်ဒေသနာရွတ်ဖတ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ယခုနှစ်သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စက္ကိန်းတဲဘုရားကြီး ဂေါပကအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးကာ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၏ အဆုံးအဖြတ်ကိုခံယူပြီး ဆီမီးပူဇော်ခြင်း၊ မိုးပျံပူဖောင်းလွှတ်တင်ခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်ပင် စက္ကိန်းတဲ စေတီတော်မြတ်ကြီး ဘဏ္ဍာထိန်းဂေါပကဥက္ကဋ္ဌက ပြောသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

## သဲကုန်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ နယ်လှည့်(အခမဲ့)ကွင်းဆင်းဆေးကုသ

**သဲကုန်း စက်တင်ဘာ ၂၈**

သဲကုန်းမြို့နယ် ပြည်မြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကာ ပြည်သူများ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေးနှင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ်လျှော့နည်း ကျဆင်းစေရန် ရည်ရွယ်၍ ယမန်နေ့က သဲကုန်းမြို့နယ် ပုတီးကုန်းတိုက်နယ်ပြည်သူ့ဆေးရုံတွင် အထွေထွေရောဂါဝေဒနာ ခံစားနေရသော ပြည်သူများအား (အခမဲ့) ကွင်းဆင်း ကုသပေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းကုသပေးရာတွင် ပြည်မြို့ ခုတင်(၅၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးနှင့် အထူးကုဆရာဝန်ကြီးများ ဦးဆောင်၍ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုး၊ သွားနှင့်ခံတွင်း၊ သားဖွားမီးယပ်၊ မျက်စိအထူးကု၊ ကလေးအထူးကုဆရာဝန်ကြီးများနှင့် ခွဲစိတ်ဆရာဝန်ကြီးများပါဝင်သည့် အထူးကု ဆေးကုသရေးအဖွဲ့တို့က ပုတီးကုန်းမြို့အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ အထွေထွေရောဂါဝေဒနာ ခံစားနေရသော ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် လိုအပ်သည့် ဆေးဝါးများပေးခြင်း၊ လိုအပ်သည့် ဆေးကုသမှုများ လမ်းညွှန်ပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

**ကိုကျော်(ပြန်/ဆက်)**



## မင်းလှမြို့၌ မြစ်မခမြစ်သဘာဝရေပြင်အတွင်း ငါးမျိုးကောင်ရေ ၁၃၀၀၀၀ စိုက်ထည့်

**မင်းလှ စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးထုတ်လုပ်မှုတိုးတက်စေရန်၊ ငါးသယံဇာတများပေါကြွယ်ဝစေရန်နှင့် ငါးရိက္ခာဖူလုံစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ထန်းပင်ကုန်းကျေးရွာအုပ်စု မြစ်မခမြစ်သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း ပြုလုပ်သည်။

ငါးမျိုးစိုက်ထည့်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဖြိုးဝေလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက မြစ်မခမြစ်သဘာဝရေပြင်အတွင်း နှစ်လက်မအရွယ်ငါးမြစ်ချင်း ၄၀၀၀၀၊ ငါးခုံးမကြီး ၇၀၀၀၀၊ ငါးဖန်းမ ၂၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၁၃၀၀၀၀ ကိုငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ ဆက်)**



## ကော့ကရိတ်မြို့၌ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာကွယ်ဆေးထိုးနှံ



**ကော့ကရိတ် စက်တင်ဘာ ၂၈**

(၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၆)ရပ်ကွက်ရှိ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယကြီးကြပ်ရေးမှူး ဦးအောင်ထက်ဖြိုးက ခွေးရူးရောဂါလက္ခဏာများ၊ ဖြစ်ပေါ်လာတတ်သည့် ဇာစ်မြစ်အကြောင်းအရာများ၊ ခွေးရူးရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက ကြိုတင်တားဆီးရမည့်နည်းလမ်းများကို ဗဟုသုတကြွယ်ဝစေရေးအတွက် ဟောပြောခဲ့ပြီး ခွေးရူးရောဂါနှင့် စပ်လျဉ်းသည့် အသိပညာပေး လက်ကမ်းစာစောင်များကို ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများအား ဖြန့်ဝေပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၈**

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် အောက်တိုဘာ ၁ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။ **မြန်မာ့အလင်း**

## ဟသ်ာတမြို့နယ်၌ နွားမွေးမြူရေး သမဝါယမအသင်းသားများအား ချေးငွေပေးအပ်

**ဟသ်ာတ စက်တင်ဘာ ၂၈**

ဟသ်ာတမြို့နယ်ရှိ ထွန်းတောက်ကြယ် နွားမွေးမြူရေး သမဝါယမအသင်းသားများအား ချေးငွေပေးအပ်ပွဲကို စက်တင်ဘာ ၂၈ ရက်က ဟသ်ာတမြို့ ညောင်ပင်ရပ်ကွက် အလယ်လမ်းရှိ နွေသံဃဒါန ဆွမ်းလောင်းအသင်းခန်းမ၌ ကျင်းပသည်။

ဟသ်ာတမြို့ နွားမွေးမြူရေး သမဝါယမအသင်းတွင် ထွန်းတောက်ကြယ် နို့စားနွားအကောင် ၂၀၀ မွေးမြူထားသော သမဝါယမ အသင်းသား ၁၅ ဦးတို့အတွက် နွားမဒန်းမတစ်ကောင်လျှင် ပျမ်းမျှငွေကျပ်သိန်း ၂၀ နှုန်းဖြင့် စုစုပေါင်း နွားကောင်ရေ ၂၅ ကောင် ထပ်မံမွေးမြူနိုင်ရေးနှင့် နို့ထုတ်လုပ်မှုမြှင့်တင်ရေး၊ နွားနို့နှင့် ဒိန်ချဉ်ထုတ်လုပ်မှုအခြေအနေနှင့် အသင်းသားများ၏ လိုအပ်ချက်များကို အပြန်အလှန်ဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး သမဝါယမဦးစီးမှူးမှ ပံ့ပိုးမတည်ရင်းနှီးငွေကျပ်သိန်း ၅၀၀ ကို ပေးအပ်ခဲ့ရာ ထွန်းတောက်ကြယ် နွားမွေးမြူရေး သမအသင်းသားများကိုယ်စား အသင်းဥက္ကဋ္ဌ ဦးအောင်သိန်းဝင်းက လက်ခံရယူခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



## သထုံမြို့နယ်၌ ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံ

**သထုံ စက်တင်ဘာ ၂၈**

မွန်ပြည်နယ် သထုံမြို့နယ်၌ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ အိမ်မွေးခွေးနှင့် ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေးများ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ အခမဲ့ထိုးနှံပေးခဲ့ကြသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဥမ္မာနှင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာခွန်မင်းမောင်နှင့် ဝန်ထမ်းများက ခွေးရူးရောဂါဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ရောဂါကူးစက်သည့်နည်းလမ်းများ၊ ကာကွယ်တားဆီးနိုင်သည့် နည်းလမ်းဆိုင်ရာများကို အသိပညာပေးဟောပြောပြီး အသက်သုံးလနှင့်အထက် အိမ်မွေးခွေးနှင့်ကြောင် စုစုပေါင်း ၂၅၀ ခန့်ကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးကာ ဆေးထိုးမှတ်တမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# ဖိလစ်ပိုင်၌ သဘာဝဘေးအန္တရာယ်များကြောင့် လယ်ယာကုန်ထုတ်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂၄ သန်းခန့် ပျက်စီးဆုံးရှုံး

**မနီလာ စက်တင်ဘာ ၂၈**

ဖိလစ်ပိုင်နိုင်ငံကို ယခုလအတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် အပူပိုင်းမုန်တိုင်း မီတက်ဂ်နှင့် စူပါတိုင်ဖွန်း ရာဂါဆာတို့ကြောင့် စိုက်ပျိုးရေးကဏ္ဍအတွက် ခန့်မှန်းခြေ ဖိလစ်ပိုင်ငွေ ပီဆို ၁ ဒသမ ၃၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၄ သန်းခန့်) ပျက်စီးဆုံးရှုံးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဒေသကိုးခုတွင် အဆိုပါ အင်အားပြင်းမုန်တိုင်းများကြောင့် လယ်မြေ ၄၇၇၂၃ ဟက်တာပျက်စီးခဲ့ပြီး တောင်သူနှင့် စိုက်ပျိုးရေး လုပ်သား ၅၅၅၉၅ ဦးခန့် ထိခိုက်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။ ပဏာမခန့်မှန်းချက်များအရ ဆန်၊ ပြောင်း၊ တန်ဖိုးမြင့်သီးနှံများနှင့် မွေးမြူရေးလုပ်ငန်းတွင် ထုတ်လုပ်မှု ၁၀၉၉၉၇ မက်ထရစ်တန်ဆုံးရှုံးခဲ့ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ထပ်လောင်းဖော်ပြသည်။

မကြာသေးမီရက်များအတွင်း ဖိလစ်ပိုင်အလယ်ပိုင်းရှိ အဓိကစိုက်ပျိုးရေးဇုန်များကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ပြင်းထန်သော အပူပိုင်းမုန်တိုင်း ဘူအလွိုင်(Bualoi) ဒဏ်ခံရသော ဒေသများမှ ပျက်စီးဆုံးရှုံးမှု စာရင်းများကိုလည်း စိုက်ပျိုးရေးဌာနက ဆက်လက်စုဆောင်းနေသည်ဟု ဆိုသည်။

သဘာဝဘေးအန္တရာယ်များဖြစ်သည့် အပူပိုင်းမုန်တိုင်း မီတက်ဂ်၊ ရာဂါဆာနှင့် ဘူအလွိုင်သုံးခုတွင် အနည်းဆုံး ၂၆ ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီက စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်သည်။



ဖိလစ်ပိုင်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အိမ်ထောင်စုပေါင်း ၇၃၈၀၀၀ ကျော် (လူဦးရေ ၂ ဒသမ ၇၉ သန်းကျော်) ထိခိုက်ခဲ့ကြောင်း အဆိုပါကောင်စီက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

# တရုတ်နိုင်ငံ ကွေကျိုပြည်နယ်၌ ကမ္ဘာ့အမြင့်ဆုံးတံတား ဖွင့်လှစ်

**ပေကျင်း စက်တင်ဘာ ၂၈**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေကျိုပြည်နယ်၌ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကမ္ဘာ့အမြင့်ဆုံးတံတားကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ အဆိုပါ ကမ္ဘာ့အမြင့်ဆုံးတံတားကို သုံးနှစ်ကြာ တည်ဆောက်ပြီးနောက် နက်ရှိုင်းသော ချောက်ကြီးကို ဖြတ်သန်းသည့် ခရီးသွားကြာချိန်ကို နှစ်နာရီကနေ နှစ်မိနစ်အထိ သိသိသာသာ လျှော့ချပေးသွားတော့မည်ဖြစ်သည်။



တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေကျိုပြည်နယ်ရှိ ကမ္ဘာ့အမြင့်ဆုံးတံတား ဟွာကျန်းဂရန်းကန်ယွန်ကို တွေ့ရစဉ်။

ဟွာကျန်းဂရန်း ကန်ယွန်တံတားဟုဆိုသည့် အဆိုပါ တံတားသည် ကွေကျိုပြည်နယ် တောင်ထူထပ်သော ဒေသတွင်ရှိသည့် Beipan မြစ်ပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်ပြီး မြစ်ရေမျက်နှာပြင် အထက် ၆၂၅ မီတာအမြင့်တွင် ခံ့ညားထည်ဝါစွာ တည်ရှိနေသည့် တံတားတစ်စင်းဖြစ်သည်။ ထို့ပြင် အဆိုပါ တံတားသည် ဆန်ဖရန်စစ္စကိုမြို့မှ Golden Gate Bridge ထက် ကိုးဆနီးပါး ပိုမြင့်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ်များထဲမှ တစ်ခုဖြစ်သော ကွေကျိုပြည်နယ်သည် လွန်ခဲ့သော နှစ်များအတွင်း ကမ္ဘာ့အမြင့်ဆုံး တံတားသုံးစင်း အပါအဝင် တံတား ၃၀၀၀၀ ကျော် တည်ဆောက်ခဲ့ကြောင်း သိရသည်။ ယခုအခါ အဆိုပါပြည်နယ်သည် ကမ္ဘာပေါ်တွင် ကမ္ဘာ့အမြင့်ဆုံး တံတားအစင်း ၁၀၀ ထဲမှ ထက်ဝက်နီးပါး ပိုင်ဆိုင်သည့် ပြည်နယ်ဖြစ်လာပြီဖြစ်သည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ၌ တရားမဝင်မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်စေရေး အမျိုးသားအဆင့်လှုပ်ရှားမှု စတင်မည်

**ကိုလံဘို စက်တင်ဘာ ၂၈**

သီရိလင်္ကာအစိုးရသည် တရားမဝင်မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်စေရေးနှင့်ပတ်သက်ပြီး အမျိုးသားအဆင့် လှုပ်ရှားမှုတစ်ရပ်ကို နိုင်ငံတစ်ဝန်း စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးတစ်ဦးက စက်တင်ဘာ ၂၇ ရက်တွင် ပြောသည်။

ပြည်သူ့လုံခြုံရေးနှင့် ပါလီမန်ရေးရာဝန်ကြီး အနန္ဒာဝိဂျေပါလက ရာဇဝတ်မှုနှင့် မူးယစ်ဆေးဝါးမှာ တိုက်ရိုက်ဆက်စပ်မှုရှိကြောင်း သတင်းထောက်များကို ပြောကြားသည်။ ထို့ပြင် မကြာသေးမီနှစ်များအတွင်း မူးယစ်ဆေးဝါးစွဲသော ကလေးငယ်အရေအတွက် မြင့်တက်လာကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ဝိဂျေပါလ၏ ပြောကြားချက်အရ သီရိလင်္ကာအကျဉ်းထောင်များတွင်ရှိသည့် အကျဉ်းသား ၇၂ ရာခိုင်နှုန်းမှာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှုများအတွက် ပြစ်ဒဏ်ကျခံလျက်ရှိကြောင်း သိရသည်။ သီရိလင်္ကာအစိုးရအနေဖြင့် မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုများကို တိုက်ဖျက်ဆောင်ရွက်ရာတွင် စီမံချက်အမျိုးမျိုးချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်တရားမဝင်မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်စေရေး အမျိုးသားအဆင့်လှုပ်ရှားမှုက လက်ရှိကြိုးပမ်းအားထုတ်မှုများကို ပို၍အရှိန်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း ဝိဂျေပါလက ပြောကြားသည်။

ဆင်ဟွာ

# အိုဆာကာ ကမ္ဘာ့ကုန်စည်ပြပွဲသို့ လာရောက်သည့် ဧည့်သည်အရေအတွက်မှာ ကုန်ကျငွေပြန်လည်ရရှိသည်ထက် ပို၍ကျော်လွန်

**တိုကျို စက်တင်ဘာ ၂၈**

၂၀၂၅ ခုနှစ် အိုဆာကာမြို့၌ ကျင်းပသည့် ကမ္ဘာ့ကုန်စည်ပြပွဲသို့ လာရောက်သည့် ဧည့်သည်အရေအတွက်မှာ ပြပွဲပြီးဆုံးရန် ၁၅ ရက်သာ ကြာတော့သည့်အချိန်တွင် ကုန်ကျငွေပြန်လည်ရရှိသည်ထက် ပို၍ ကျော်လွန်သွားပြီဟု ပွဲစီစဉ်သူက ပြောသည်။

လက်မှတ်ဝယ်ယူသူဦးရေသည် စက်တင်ဘာ ၂၇ ရက်တွင် ၂၂ သန်း ကျော်သွားပြီဖြစ်ကြောင်း ကနဦး အချက်အလက်များအရ သိရသည်။ အဆိုပါအရေအတွက်သည် ပြပွဲတွင် အရှုံးဖြစ်စေနိုင်သည့် ကိန်းဂဏန်းကိုကျော်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာမြို့တွင် ဧပြီလမှစတင်ကာ အဆိုပါပြပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြပွဲသို့ ဒေသနှင့်နိုင်ငံပေါင်း ၁၅၈ ခုမှ ပါဝင်ဆင်နွှဲခဲ့ကြသည်။ နှစ်ပတ်အတွင်း တစ်ရက်လျှင် လာရောက်လည်ပတ်သူဦးရေ ၂၀၀၀၀၀ ကျော်ရှိခဲ့သည်။



ယခုခန့်မှန်းထားအတိုင်းသာ ဆက်သွားပါက စုစုပေါင်းလာရောက်သူ ဧည့်သည်ဦးရေမှာ ၂၅ သန်းဝန်းကျင်ရှိမည်ဖြစ်ပြီး အိုက်ချီမြို့၌ ၂၀၀၅ ခုနှစ်က ပြုလုပ်ခဲ့သည့်ပွဲထက် ဧည့်သည်ဦးရေကျော်လွန်သွားမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# တရုတ်နိုင်ငံက ပါကစ္စတန်နိုင်ငံသို့ ရေဘေးကယ်ဆယ်ရေးထောက်ပံ့ရေးပစ္စည်းများ ပေးပို့

**ပေကျင်း စက်တင်ဘာ ၂၈**

တရုတ်အစိုးရက ပါကစ္စတန်နိုင်ငံသို့ ပေးပို့သည့် အရေးပေါ်ရေဘေးကယ်ဆယ်ရေး ထောက်ပံ့ရေးပစ္စည်းများကို တရုတ်နိုင်ငံအလယ်ပိုင်း ကျန်းကျိုပြည်နယ်မှနေ၍ စက်တင်ဘာ ၂၈ ရက်တွင် စတင်ပို့ဆောင်ခဲ့သည်ဟု တရုတ်နိုင်ငံလေတပ်၏ ပြောကြားချက်အရ သိရသည်။

Y–20 သယ်ယူပို့ဆောင်ရေးလေယာဉ်နှစ်စင်းဖြင့် ထောက်ပံ့ရေးပစ္စည်းများကို ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလာမ္မာဘတ်သို့ ပေးပို့ခဲ့ခြင်းဖြစ်ပြီး ထောက်ပံ့ရေးပစ္စည်းများထဲတွင် ရွက်ဖျင်တဲများ၊ စောင်များ ပါဝင်သည်။ ပါကစ္စတန်နိုင်ငံသည် ဇွန်လမှစတင်ကာ ပြင်းထန်သော ရေကြီးမှုဒဏ်ကို ခံစားခဲ့ရပြီး လူအများအပြားသေဆုံးကာ ပစ္စည်းဥစ္စာဆုံးရှုံးမှုများရှိခဲ့သည်။ ယင်းသို့သော အခြေအနေကိုတုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံက ပါကစ္စတန်နိုင်ငံအား အရေးပေါ်ကူညီထောက်ပံ့ရေးအတွက် အမေရိကန်ဒေါ်လာနှစ်သန်းခန့် ကူညီခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၏ ရေကြီးမှုနောက်ပိုင်းကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နောက်ထပ်ကူညီရန် အမေရိကန်ဒေါ်လာ ၁၄ သန်းခန့်တန်ဖိုးရှိသော အရေးပေါ်ရေကြီးမှု ထောက်ပံ့ရေးပစ္စည်းများ ထပ်မံပေးအပ်ရန်လည်း တရုတ်အစိုးရက ဆုံးဖြတ်ခဲ့သည်။ ကျန်ရှိနေသေးသည့်ပစ္စည်းများကို ယခုအချိန်တွင် အရေးပေါ်ပြင်ဆင်နေပြီး လာမည့်ရက်အနည်းငယ်အတွင်း ပို့ဆောင်ပေးသွားမည်ဟု သိရသည်။

ဆင်ဟွာ

## ဘိုကလေးမြို့နယ် တာဝတိံသာစေတီတော်သစ်ကြီး၌ ဘုရားဆင်းပွဲတော် ကျင်းပမည်

**ဘိုကလေး စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၏ပွဲတော် တာဝတိံသာ ဘုရားဆင်းပွဲတော်အား သီတင်းကျွတ်လပြည့်နေ့၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ တာဝတိံသာစေတီတော်သစ်ကြီးဖြင့် ည ၉ နာရီ၌ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သင်္ကာသနဂိုရ်ပြည်သို့ နတ်၊ ဗြဟ္မာအပေါင်းခြံရံ၍ ကြွချီပုံ (ဘုရားဆင်းပွဲတော်) အား စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပသွားမည်ဖြစ်ပြီး တပေါင်းလအခါ၌ တာဝတိံသာစေတီတော်သစ်ကြီးအား ထီးတော်တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**




## တနင်္သာရီမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တနင်္သာရီ စက်တင်ဘာ ၂၈**

တနင်္သာရီမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၂၅ ရက်က ချောင်းငယ်ရပ်ကွက် ဗိုလ်ချုပ်ကြေးရုပ်- ဇောခိကမ်းတံတား ချဉ်းကပ်လမ်းဘေး ဝဲ/ယာ၌ ကျင်းပခဲ့သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စိုက်ပျိုးမည့် ပျိုးပင်များကို မြို့နယ်အဆင့် ဌာနဆိုင်ရာများထံသို့ ပေးအပ်ပြီး သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်တို့က ပျဉ်းကတိုးပျိုးပင် ၁၀၀၊ မန်ကျည်းရှားပျိုးပင် ၁၀၀ စုစုပေါင်း ပျိုးပင် ၂၀၀ စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သီသီခိုင်(တနင်္သာရီ)**

## ကျောက်ပန်းတောင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားဆိုင်ရာ လူငယ်အသိပညာပေး ဟောပြောပွဲများကို အခြေခံပညာကျောင်းများတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၅ ရက်က စံပြရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပြုလုပ်ခဲ့ပြီး အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

ဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးအောင်ကိုကိုလတ်က အားကစားဆိုင်ရာများ အသိပညာပေး ဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိဖြူက အားကစားနှင့် ပညာရေး ပေါင်းစပ်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် စံပြမူလတန်းလွန်ကျောင်းအတွက် အားကစားပစ္စည်းများကို မြို့နယ်အားကစားမှူးက ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်အားကစားမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



## နှလုံးအထူးကုဆရာဝန်ကြီးများမှ နှလုံးရောဂါဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသ

**ကျောက်ဆည် စက်တင်ဘာ ၂၈**

မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာနမှ (၂၅)နှစ်မြောက် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများအား နှလုံးရောဂါနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်းများကို ယနေ့နံနက် ၈ နာရီက ပြုလုပ်သည်။



ထို့နောက် မန္တလေးအထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါအထူးကုဌာနမှ နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်စိုးဝင်း ဦးဆောင်၍ နှလုံးအထူးကုဆရာဝန်ခြောက်ဦးနှင့်အတူ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာဝန်များက ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ သမားတော်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြု ဆရာမများနှင့် ပူးပေါင်း၍ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များရှိ နှလုံးရောဂါဝေဒနာရှင်များအား ရောဂါရှာဖွေခြင်း၊ စမ်းသပ်ခြင်း၊ ကုသခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ပွင့်ဖြူမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် အသိပညာပေး

**ပွင့်ဖြူ စက်တင်ဘာ ၂၈**

ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနက ပြည်သူများ မီးဘေးအန္တရာယ် ကင်းဝေးစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ စနစ်တကျ လိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ စက်တင်ဘာ ၂၅ ရက်က စံပြကျေးရွာ ရွာလယ်ဓမ္မာရုံ၌ မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ပွင့်ဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်က မီးဘေးလုံခြုံစေရေးအတွက် ဆင်ခြင်သတိပြုရမည့် အချက်များနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ ပေါ့ဆမှုကြောင့် မီးလောင်မှုများ မဖြစ်ပေါ်စေရေး သတိမူရမည့် အချက်များကို ဆွေးနွေးပြောကြားသည်။

**ဖြန့်ဝေ**

ထို့နောက် မြို့နယ်မီးသတ် ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေ ပေးခဲ့ကြသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



## မင်းတုန်းမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**မင်းတုန်း စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ယမန်နေ့က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရာ အထက(မင်းတုန်း)မှ Grade-8 ကျောင်းသားကျောင်းသူ ၂၉ ဦး တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လူငယ်များ ကျန်းမာသန်စွမ်းသည့် လူငယ်များ ဖြစ်လာစေရေးအတွက် လူငယ်နှင့်ကျန်းမာရေးဆိုင်ရာများ၊ အကျင့်စာရိတ္တကောင်းမွန်သည့်လူငယ်များ ဖြစ်လာစေရေးအတွက် အကျင့်စာရိတ္တမွေးမြူနိုင်ရေးနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာများ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ချင်းကလေး (NRDC)**




## မော်လမြိုင်မြို့ သားဖွားသင်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၈**

မွန်ပြည်နယ် မော်လမြိုင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် သားဖွားသင်တန်းကျောင်းတို့ ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က အဆိုပါ သားဖွားသင်တန်းကျောင်း၌ ကျင်းပသည်။

ထို့နောက် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး သားဖွားသင်တန်းကျောင်းမှ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သင်တန်းသား သင်တန်းသူများက လူငယ်နှင့်ခေါင်းဆောင် ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများက သိလိုသည့်အချက်များကို တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## မိုင်းဖြတ်မြို့နယ်၌ ဒေသနွားနှင့်ဆိတ်များ အခမဲ့ ဖြန့်ဖြူးပေးအပ်

**မိုင်းဖြတ် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မွေးမြူရေးဘဏ်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် မျိုးကောင်းမျိုးသန့် ဒေသနွားနှင့်ဆိတ်များ အခမဲ့ဖြန့်ဖြူးပေးအပ်ခြင်းကို စက်တင်ဘာ ၂၇ ရက်က ဆွပ်ပန်းကျေးရွာနှင့် ဟိုနားစောမွန်ကျေးရွာ၌ ပေးအပ်သည်။

ဦးစွာ တာချီလိတ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာတင်ကိုကိုက မျိုးကောင်းမျိုးသန့်နွားမများ ဖြန့်ဖြူးရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံနှင့်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တောညကျေးရွာအုပ်စု ဆွပ်ပန်းကျေးရွာမှ တောင်သူ ၁၀ ဦးအား ဒေသနွားမ ၁၀ ကောင်အတွက် စာချုပ်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး နွားများကို ကြည့်ရှုသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နမ့်လန်းကျေးရွာအုပ်စု ဖားပေ့ကျေးရွာမှ ဆိတ်မွေးတောင်သူများအား ဒေသဆိတ် ၅၅ ကောင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းတက်ရောက်ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၂၈**
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် ဆောင်ရွက်သည့် ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းကို ယမန်နေ့က အဆိုပါဦးစီးဌာနရှိ သင်တန်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ဒေသဆိုင်ရာ MSME Agency ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒေသဆိုင်ရာ MSME Agency အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် ကျွမ်းကျင်သူ ပြင်ပနည်းပြက ဒစ်ဂျစ်တယ်နည်းပညာ သိမြင်နားလည်တတ်မြောက်ခြင်းနှင့် မိမိလုပ်ငန်းများ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်နည်းပညာ (Digital Technology)၊ Digital Tools များအကြောင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation) နှင့် နည်းပညာပြောင်းလဲမှုများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ MSMEs လုပ်ငန်းများတွင် ဒစ်ဂျစ်တယ်အသွင်ပြောင်းခြင်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ အွန်လိုင်းစနစ်ဖြင့် ရောင်းချရာတွင် မှတ်ပုံတင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ဌာနမှ Micro လုပ်ငန်းများအတွက် အွန်လိုင်း Registration ဆိုင်ရာ နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## လားရှိုးမြို့၌ AI နည်းပညာ လက်တွေ့အသုံးချနည်း သင်တန်းဖွင့်



**လားရှိုး စက်တင်ဘာ ၂၈**
ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လားရှိုးခရိုင်ရုံးကကြီးမှူး၍ မင်္ဂလာ AI ဖြင့် ပူးပေါင်းကာ လွယ်ကူလေ့လာ AI နည်းပညာ (၂/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယမန်နေ့က လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ငွေးအောင်က အမှာစကားပြောကြားပြီး မင်္ဂလာ AI မှ နည်းပြဆရာ ဦးအောင်သူထွန်းက AI နည်းပညာနှင့် ပတ်သက်၍ မိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (တာဝန်ပေး) ဦးစိုင်းထွန်းနေလှိုင်က လွယ်ကူလေ့လာ AI နည်းပညာ (၂/၂၀၂၅) သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**

## ထားဝယ်မြို့၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

**ထားဝယ် စက်တင်ဘာ ၂၈**
တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ် သစ်တောဦးစီးဌာနမှဦးဆောင်၍ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၅ ရက်က ထားဝယ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းအောင်က မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေး နည်းလမ်းများ၊ Fire Hotspot များနှင့် သစ်တောများ ထိန်းသိမ်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်များ လျှော့ချနိုင်မှုနှင့် ကြိုတင်ကာကွယ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်ပင်စိုက်ပျိုး၊ ပြုစုခြင်းနည်းစနစ်များအကြောင်း အသိပညာပေးဟောပြောသည်။

**ငွေဇင်ယော်(ထားဝယ်)**

## ပခုက္ကူမြို့၌ ၂၀၂၅ ခုနှစ် လူရည်ချွန်ကျောင်းသားအား ဂုဏ်ပြုကြိုဆိုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပခုက္ကူ စက်တင်ဘာ ၂၈**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ၂၀၂၅ ခုနှစ် လူရည်ချွန် ကျောင်းသားအား ဂုဏ်ပြုကြိုဆိုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၃ ရက်က ပခုက္ကူပညာရေးဒီဂရီကောလိပ် မဟာသရေစည်သူဦးဘ ခန်းမ၌ ကျင်းပသည်။

ဦးစွာ လူရည်ချွန်ကျောင်းသား မောင်ကောင်းခန့်ထွန်းအား ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စံပယ်ပန်းကုံးများ၊ သပြေပန်းများဖြင့် လှိုက်လှဲစွာကြိုဆိုကြသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် ပခုက္ကူမြို့ လေ့ကျင့်ရေးအလယ်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်သူသူကျော်တို့က လူရည်ချွန်ဂုဏ်ပြုအမှာစကား ပြောကြားကြပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။



**ဘာမီသာ(ပခုက္ကူ)**

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## မြို့နယ်များ၌ ဆုံဆို့-မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေး

**မိုင်းရှူး**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၅ ရက်က အမှတ်(၄)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း ပန်စွဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၁)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတို့၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်ထွန်း၏ ကြီးကြပ်မှုဖြင့် ဆရာမ ဒေါ်ဘီနူးနှင့်ဝန်ထမ်းများက အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်အောက် ကျောင်းသား ကျောင်းသူများကို ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံပေးခြင်းနှင့် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်အောက် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများကို စနစ်တကျထိုးနှံပေးခဲ့ကြောင်း သိရသည်။

**သန်းလှ(ပြန်/ဆက်)**



**ခရမ်း**
ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးနှင့် ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကလေးငယ်များအား ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းထိုးနှံပေးလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော အသက်ကိုးနှစ်မှ ၁၀ နှစ်အထိ ကျောင်းနေအရွယ် မိန်းကလေး ၁၃၃၈ ဦးကို သားအိမ်ခေါင်းကင်ဆာ (HPV) ကာကွယ်ဆေးနှင့် ဆုံဆို့-မေးခိုင်ရောဂါ (DT)ကာကွယ်ဆေးထိုးနှံခြင်းကို အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မပြည့်သေးသော KG ကျောင်းသား ကျောင်းသူ ၂၆၁၉ ဦးတို့အား ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခရမ်း(ပြန်/ဆက်)**

**ချောင်းဆုံ**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများ သားအိမ်ခေါင်းကင်ဆာနှင့် ဆုံဆို့၊ မေးခိုင်ရောဂါ ကြိုတင်ကာကွယ်ရေးအနေဖြင့် သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးနှင့် ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို စက်တင်ဘာ ၂၅ ရက်မှစတင်၍ ကာကွယ်ဆေးထိုးစုရပ်များနှင့် အခြေခံပညာကျောင်းများ၌ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူဇာဝင်း၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အသက် ကိုးနှစ်မှ ၁၀နှစ်အတွင်း ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ကျောင်းသားများအား ဆုံဆို့၊ မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းများကို စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၃ ရက်အထိ အခြေခံပညာကျောင်းများနှင့် ကျေးရွာစုရပ်များတွင် ထိုးနှံပေးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**



## မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**ဒဂုံတောင် စက်တင်ဘာ ၂၈**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်း အသိပညာပေး ရှင်းလင်းခြင်းနှင့် မဲပေးစက် လက်တွေ့သရုပ်ပြ မဲပေးခြင်းကို တာဝန်ရှိသူများက စက်တင်ဘာ ၂၅ ရက်က ၅၇ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ၁၀၄ ရပ်ကွက် အောင်ချမ်းသာ ဓမ္မာရုံတို့၌ ဆောင်ရွက်သည်။



ဦးစွာ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးထွန်းလင်းနိုင်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး (အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန)နှင့် နည်းပြ ၁၀ ဦးတို့က မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြု၍ မဲပေးပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သန်းသန်းအေး**

## ဆီဆိုင်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနည်း အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း ဆောင်ရွက်

**ဆီဆိုင် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများအား ၂၀၂၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် စာရင်းကပ်ထား ကြေညာမှု၊ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် မဲပေးနည်း အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၂၆ ရက်က အခြေခံပညာ အထက် တန်းကျောင်း(ဆီဆိုင်)ရှိ ယုဇနခန်းမ၌ ဆောင်ရွက်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ကျော်ရန်က အမှာစကား ပြောကြားပြီး ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် စမ်းသပ်မဲပေးခြင်းကို လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှု၊ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် မဲပေးနည်း အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင် အဖွဲ့ခွဲများ၊ ကျေးရွာတာဝန်ခံများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မအူပင်မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေး

**မအူပင် စက်တင်ဘာ ၂၈**

မအူပင်မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းသရုပ်ပြပွဲကို စက်တင်ဘာ ၂၆ ရက်က အမှတ်(၁၁) ရပ်ကွက်ရှိ မှန်ပင်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်းက မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ဝင်းဝင်းမာနှင့် ဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းအကြောင်းအရာများနှင့် ဆန္ဒမဲပေးခြင်း လုပ်ငန်းအဆင့်ဆင့်ကို



ရှင်းလင်းပြောကြားပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## အီလက်ထရောနစ် မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်

**ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၂၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ မြန်မာအီလက်ထရောနစ် မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို စက်တင်ဘာ ၂၄ ရက်က အခြေခံပညာ အထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က အမှာစကား ပြောကြားပြီး မြို့နယ် ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ် မဲပေးစက် ကိုင်တွယ်အသုံးပြုမှု နည်းစနစ်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စမ်းသပ်မဲပေးခြင်းကို လက်တွေ့လုပ်ဆောင်ကာ တက်ရောက်လာကြသည့် သင်တန်းသားများအား ဆက်လက် သင်ကြားပို့ချပေးလျက်ရှိကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ MEVM မဲပေးစက် လက်တွေ့စမ်းသပ်မဲပေး

**တွံတေး စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စုရှိ မဲဆန္ဒရှင်ပြည်သူများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်ပတ်သက်၍ သိရှိစေရန် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို စက်တင်ဘာ ၂၅ ရက်က ရှမ်းစုကျေးရွာအုပ်စု ရှမ်းစုကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးသက်နိုင်ထွန်းက မဲပေးစက်နှင့်ပတ်သက်သည့်အကြောင်းအရာများ ရှင်းလင်းပြောကြားပြီး မဲဆန္ဒရှင်



ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၌ စက်တင်ဘာ ၂၇ ရက်က ကိုကိုးကျွန်းမြို့နယ် တပ်တွင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ အိမ်ထောင်သည် ရဲမေနှင့် မှီခိုသူမိသားစုဝင်များ တက်ရောက်၍ MEVM မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အစီအစဉ်ကို ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုစဉ်။

ထွန်းထွန်းဇော်



စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုနည်းဆိုင်ရာ သရုပ်ပြဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ လက်တွေ့သရုပ်ပြမဲပေးခြင်းကို အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်တွေ့သရုပ်ပြမဲပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့ အမှတ်(၁)ရပ်ကွက် လောကနတ်ခန်းမ၌ စက်တင်ဘာ ၂၅ ရက်က မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနား ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဒေါ်ခိုင်ဇာလင်းက မဲပေးစက်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခြင်းနှင့် တက်ရောက်လာသူများက လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်စဉ်။

သက်နောင်ဦး(ငါန်းဇွန်)



သာယာဝတီမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က ကျွဲခြံအင်းအုပ်စု BILLION BAY CO.,Ltd အထည်ချုပ်စက်ရုံ၌ ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုဝင်းက မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ ရှင်းလင်းဆွေးနွေးကာ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် တစ်ဦးချင်း လက်တွေ့စမ်းသပ်မဲပေးစဉ်။

ခရိုင်(ပြန်/ဆက်)

# အမရပူရမြို့နယ်၌ အမှိုက်ခွဲခြားစွန့်ပစ်ခြင်း လူထုလှုပ်ရှားမှုပြုလုပ်



**အမရပူရ စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမံအင်းပတ်လမ်း သမိုင်းဦးပိန်တံတား တောင်ဘက်မှ ရတနာပုံတက္ကသိုလ်လမ်းဆုံ အထိ တောင်သမံပတ်လမ်းဘေးဝဲယာရှိအမှိုက် များကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ယမန်နေ့က အမှိုက်စွန့်ပစ်မှုကာကွယ် တားဆီးရေးလှုပ်ရှားမှုနှင့် အမှိုက်ခွဲခြား စွန့်ပစ်ခြင်း လူထုလှုပ်ရှားမှုကို ပြုလုပ်သည်။

အဆိုပါ အမှိုက်ခွဲခြားစွန့်ပစ်ခြင်း လူထု လှုပ်ရှားမှုသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီး များနှင့် တာဝန်ရှိသူများက တောင်သမံပတ် လမ်း လမ်းဘေးဝဲယာရှိအမှိုက်များ ကောက်ယူ နေမှုကို လှည့်လည်ကြည့်ရှုရာ အမှိုက်စွန့်ပစ်မှု တားဆီးကာကွယ်ရေးလှုပ်ရှားမှုနှင့် အမှိုက် ခွဲခြားစွန့်ပစ်ခြင်း လူထုလှုပ်ရှားမှုတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုး နှင့် ဝန်ထမ်းများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွှန့်ဦးနှင့် ဝန်ထမ်း များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်း များ ရတနာပုံတက္ကသိုလ်၊ မန္တလေးစက်မှုဇုန် ကော်မတီ ရက်ကန်းလုပ်ငန်းရှင်များအသင်း၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ပြည်ကြီး တံခွန်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့်မြန်မာ့သစ် လုပ်ငန်းများမှ ဝန်ထမ်းများ စုပေါင်းဆောင်ရွက် ခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ဒေသခံပြည်သူများအား အထူးကုဆရာဝန်များက ကွင်းဆင်းဆေးကုသ

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၈**

မော်လမြိုင်ကျွန်းမြို့နယ်၌ ဒေသခံပြည်သူများအား စက်တင်ဘာ ၂၅ ရက်က မြို့နယ်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာစန်းဝင်း၏ ဦးဆောင်မှုဖြင့် အထူးကုဆရာဝန်များက ဖြန့်ကြီးကျေးရွာအုပ်စု ကညင်ချောင်းကြီးကျေးရွာ ဇေတဝန်ကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ များအား ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် ပြည်သူများကို မြို့နယ်ပြည်သူ့ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေး ရာ အဆိုပါဆေးကုသပေးနေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ရဲကိုမောင်(ပြန်/ဆက်)**



## မုဒုံမြို့၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့်(၁) သင်တန်းဆင်း



**မုဒုံ စက်တင်ဘာ ၂၈**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အမျိုးသားအဆင့် ရော်ဘာအစေး ခြစ် လုပ်သားကျွမ်းကျင်မှုအဆင့် (၁) သင်တန်းဆင်းပွဲ အခမ်းအနား ကို စက်တင်ဘာ ၂၆ ရက်က နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ) သင်တန်းဝင်းခန်းမ၌ ပြုလုပ် သည်။

အခမ်းအနားတွင် စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်လှိုင်က ယခု သင်တန်းသည် (၁၇)ကြိမ်မြောက် သင်တန်းဖြစ်ပြီး သင်တန်းသား ၅၄၁ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ပြည်နယ်အတွက် ရော်ဘာသီးနှံကို ပန်းတိုင်သီးနှံ အဖြစ် အဆိုပြုတင်ပြထားပြီးဖြစ် ရာ ပရောဂျက်အနေဖြင့် ရော်ဘာ သီးနှံကို မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မည် ဖြစ်ကြောင်း ပြောကြားပြီး အငြိမ်းစားပညာရှင် ဆရာကြီး ဦးဝင်းတင်က သင်တန်း တွင် အစေးခြစ်ပညာနှင့် အစေး စုသိမ်းပုံများကို သင်ကြားပေးခဲ့ ကာ စနစ်တကျ ပေါက်ခြစ်စနစ်နှင့် အစေးခြစ်ခြင်းကြောင့် အခေါက် ကျနှုန်း သက်သာ၍ စီးပွားရေး သက်တမ်းပိုရှည်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် သင်တန်းဆင်း အောင်လက်မှတ်နှင့် သင်တန်း တွင် ဆုရရှိသောသင်တန်းသား သင်တန်းသူများကို တာဝန်ရှိ သူများက ဆုချီးမြှင့်ပေးအပ်ခဲ့သည့် အဆိုပါ သင်တန်းသို့ သင်တန်း သား သင်တန်းသူ ၃၀ တက်ရောက် ခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**

## မြစ်သားမြို့၌ ဆုံဆို့ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေး

**မြစ်သား စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဘုန်းမြတ်ကိုနှင့် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဆရာမများက မြို့ပေါ်အခြေခံပညာ မူလတန်းကျောင်းများမှ အသက်ငါးနှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအား ဆုံဆို့ မေးခိုင်ကာကွယ်ဆေးနှင့် အသက်ကိုးနှစ် ပြည့်ပြီး အသက် ၁၂ နှစ်မကျော်သော ကျောင်းသူများအား သားအိမ် ခေါင်းကင်ဆာရောဂါကာကွယ်ဆေးကို စက်တင်ဘာ ၂၅ ရက်က ထိုးနှံပေးသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှူး ဦးဆောင်၍ မြို့နယ်ကာကွယ်ဆေးထိုးကွင်းဆင်းအဖွဲ့ ဆရာ ဆရာမများက မြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများမှ ဆုံဆို့ မေးခိုင်ကာကွယ်ဆေးထိုးနှံ ကျောင်းသား ကျောင်းသူ ၄၄၁ ဦးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို ကျောင်းသူ ၁၇၆ ဦး တို့အား ထိုးနှံပေးခဲ့ကြောင်း မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ဝါဝါမြင့်(မြစ်သား)**



# တာလေမြို့၌ စက်ချုပ်နှင့် သံဂဟေဆက်သင်တန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများပေးအပ်

**တာလေ စက်တင်ဘာ ၂၈**

တာချီလိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများ



ပေါ်ထွန်းလာစေရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း ဖြင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာလေမြို့ နားယောင်းကျေးရွာအုပ်စု နားအွန် ကျေးရွာရှိ ဆရာဦးကျားယော် အောက်မေ့ဘွယ်ခန်းမတွင် ကျင်းပ သည်။

ဦးစွာ တာချီလိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဝေသုံက အမှာစကား ပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံက ဗေသလကျေးရွာမှ သံဂဟေလုပ်ငန်းထူထောင် လုပ်ကိုင်မည့် ထူးချွန်သင်တန်းသား ငါးဦး အားလည်းကောင်း၊ တာလေမြို့အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်က နားအွန်ကျေးရွာမှ စက်ချုပ်လုပ်ငန်း ထူထောင်လုပ်ကိုင်မည့် ထူးချွန် သင်တန်းသူ ငါးဦးအားလည်းကောင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

**မြင့်မိုရ်(တာချီလိတ်)**



မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ KG ကျောင်းသား ကျောင်းသူများ ကိုယ်ခန္ဓာဖွံ့ဖြိုးစေရန်၊ အာဟာရသင့်တင့်မျှတစွာ စားသုံးစေရန်နှင့် အာဟာရဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းကို စက်တင်ဘာ ၂၅ ရက်က ဆောင်ရွက်ရာ မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်မျိုး ဇော်နှင့် ကျန်းမာရေးဝန်ထမ်းများက အာဟာရချက်ပြုတ်ကျွေးမွေး ခြင်းများ ဆောင်ရွက်စဉ်။ ဝင်းအိဇွန်(ပြန်/ဆက်)

## သရက်မူလတန်းကြိုကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ



**သရက် စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန လူမှုဝန်ထမ်းဦးစီးဌာန သရက် မူလတန်းကြိုကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့် ခြင်း အခမ်းအနားကို ယမန်နေ့ က သရက်မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှု ဝန်ထမ်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နော်ဖောဝါး က ရင်သွေးငယ်များ စိတ်လှုပ်ရှား မှု ဖွံ့ဖြိုးခြင်း၊ ရဲရင့်သည့်စိတ်ဓာတ် ရှိခြင်း၊ မိမိကိုယ်ကိုမိမိ ယုံကြည်မှု ရှိခြင်းအစရှိသည့် စွမ်းရည်များ ရရှိ အောင်ရည်ရွယ်ပြီး အခုလိုကျင်းပ ရခြင်းဖြစ်ကြောင်း ပြောကြားကာ သရက် မူလတန်းကြိုကျောင်းမှ သားငယ် သမီးငယ်လေးများ၏ တစ်ဦးချင်း ပုံပြင်ပြောပြိုင်ပွဲ ကျင်းပသည်။

ထို့နောက် တစ်ဦးချင်း ကဗျာ ရွတ်ဆိုပြိုင်ပွဲများ၊ အင်္ဂလိပ်စကား ပြော နှုတ်ဆက်ရွတ်ဆိုပြိုင်ပွဲနှင့် သားငယ် သမီးငယ်လေးများ၏ စုပေါင်းသီချင်းဆိုပြိုင်ပွဲများ ကျင်းပ ခဲ့ပြီး ပြိုင်ပွဲများတွင် ဆုရရှိခဲ့ သည့် ရင်သွေးငယ်လေးများ အား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရ သည်။

**ဇော်ထက်(သရက်)**

စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၆) မှ အဲဗာတန်နှင့် ဝက်စ်ဟမ်းအသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ရှုံးပွဲဆက်နေတဲ့အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်တာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး ဘယ်အသင်းက ရလဒ်ဆိုးနဲ့ ကြုံတွေ့သွားမလဲ လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# အဲဗာတန်ကို ခံစစ်ပိုင်းအားနည်းတဲ့ ဝက်စ်ဟမ်း အနိုင်ယူဖို့မလွယ်ဘူး




■ စောင့်ကြည့်ရမယ့်ကစားသမား

ဂျက်ဂရီးလစ်ချ်
အဲဗာတန် (တိုက်စစ်)
သွင်းဂိုး+ဂိုးဖန်တီးမှု = ၄

**အဲဗာတန် VS ဝက်စ်ဟမ်း** နံနက် ၁း၃၀

အဲဗာတန်ရော ဝက်စ်ဟမ်းအသင်းပါ ရှုံးပွဲဆက်နေပြီး နိုင်ပွဲရရေးခြေကုန်ထုတ်လာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ ဝက်စ်ဟမ်းအသင်းရဲ့ ခံစစ်ပိုင်းက အဲဗာတန်အသင်းထက် အားနည်းတယ်။ သို့သော်လည်း ဝက်စ်ဟမ်းအသင်းရဲ့ ရှန်းအားကြောင့် အဲဗာတန်အသင်း သွင်းဂိုးရရေး အခက်တွေ့နိုင်တယ်။ ဂရီးလစ်ချ်၊ ဂေယီ၊ ဒူးဘူရီဟောလ်၊ မက်နေးလ်၊ ဂါနာစတဲ့ ထိပ်တန်းအဆင့်ကစားသမားတွေရှိတဲ့ အဲဗာတန်ကို ဝက်စ်ဟမ်းအသင်း အနိုင်ယူဖို့မလွယ်ဘူး။

| အဲဗာတန်နဲ့ ဝက်စ်ဟမ်း ထိပ်တိုက်တွေ့ဆုံမှု နှစ်ပွဲရလဒ် | | |
|---|---|---|
| ဝက်စ်ဟမ်း | ၂-၁ | အဲဗာတန် |
| အဲဗာတန် | ၁-၁ | ဝက်စ်ဟမ်း |



■ စောင့်ကြည့်ရမယ့်ကစားသမား

မာလစ်ခ် ဒီအော့ဖ်
(ဝက်စ်ဟမ်း) ခံစစ်
သွင်းဂိုး+ဂိုးဖန်တီးမှု = ၃

# ရာဒူကာနူနှင့် ကာတဲလ်တို့ တရုတ်အိုးပင်း ၃၂ ဦးအဆင့် တက်လှမ်း

ဗြိတိန်တင်းနစ်မယ်များဖြစ်သည့် အမ်မာရာဒူကာနူနှင့် ဆွန်နေကာတဲလ်တို့သည် ပေကျင်းမြို့၌ ကျင်းပသည့် တရုတ်အိုးပင်းပြိုင်ပွဲတွင် ပြိုင်ဘက်များကိုအနိုင်ယူပြီး ၃၂ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။


ဗြိတိန်နံပါတ်တစ်တင်းနစ်မယ် ရာဒူကာနူသည် တရုတ်အိုးပင်း ၆၄ ဦးအဆင့်တွင် စပိန်တင်းနစ်မယ် ခရစ္စတီးနား ဘူရှာနှင့် တွေ့ဆုံခဲ့ပြီး ၆-၃၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၃၂ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ဆွန်နေကာတဲလ်က ၆၄ ဦးအဆင့်တွင် ဩစတြေးလျတင်းနစ်မယ် ဒါရီယာကာဆတ်ကီနာနှင့် တွေ့ဆုံခဲ့ပြီး ၆-၃၊ ၆-၀ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၃၂ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ရာဒူကာနူသည် တရုတ်အိုးပင်း ၃၂ ဦးအဆင့်တွင် အမေရိကန်တင်းနစ်မယ် ဂျက်ဆီကာ ပဲဂူလာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ ကာတဲလ်က ၃၂ ဦးအဆင့်တွင် ဩစတြေးလျတင်းနစ်မယ် မေယာဂျိုင့်နှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

ရာဒူကာနူသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ကိုရီးယားအိုးပင်းပြိုင်ပွဲတွင် ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။





## နောက်ဆုံးရ အားကစားသတင်းတိုများ

- လီဗာပူးနှင့် မန်ယူအသင်းတို့သည် အဲဗာတန်အသင်းမှ အသက် ၂၃ နှစ်အရွယ် အင်္ဂလန်ခံစစ်ကစားသမား ဘရန့်ဝိတ်ကို ခေါ်ယူရာတွင် အပြိုင်ကမ်းလှမ်းသွားရဖွယ်ရှိသည်။
- မန်ယူအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ အသက် ၂၅ နှစ်အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား ကော်နာဂဲယ်လာဟာကို ခေါ်ယူရန်စီစဉ်နေသည်။
- အေစီမီလန်အသင်းသည် လီဗာပူးအသင်းမှ အသက် ၂၈နှစ်အရွယ် အင်္ဂလန်ခံစစ်ကစားသမား ဂျိုးဂိုမက်ဇ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဘင်ဖီကာနည်းပြ မော်ရင်ဟိုသည် အယ်တီဟတ်အသင်းမှ အသက် ၃၇ နှစ်အရွယ် ပြင်သစ်တိုက်စစ်ကစားသမား ကာရင်ဘင်ဇီမာကို ခေါ်ယူရန်ဆန္ဒရှိနေသည်။
- မန်ယူအသင်းသည် နည်းပြအမ်မိုရင် ထွက်ခွာသွားပါက ၎င်း၏နေရာကို ဂရေဟမ်ပေါ်တာဖြင့် အစားထိုးရန် စီစဉ်နေသည်။
- ဆန်းဒါးလန်းအသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသက် ၂၃ နှစ်အရွယ် အင်္ဂလန်ခံစစ်ကစားသမား ဒင်းနစ်ဆာကင်ကို ရောင်းချသွားရန် စီစဉ်နေသည်။
- လီဂူးဝမ်း ပွဲစဉ် (၆) တွင် နာမည်ကြီး ပီအက်စ်ဂျီက အော့ဇဲအသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။



■ အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်ကစားသမား အယ်ဗာရက်ဇ် ရီးရဲမက်ဒရစ်အသင်းဘက်သို့ ပယ်နယ်တီကန်သွင်းယူစဉ်။

# မက်ဒရစ်ဒါဘီတွင် အက်သလက်တီကိုမက်ဒရစ်က ရီးရဲမက်ဒရစ်ကို ဂိုးပြတ်အနိုင်ရ

စပိန်လာလီဂါပွဲစဉ် (၇) မှ စက်တင်ဘာ ၂၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အက်သလက်တီကိုမက်ဒရစ်နှင့် ရီးရဲမက်ဒရစ်အသင်းပွဲစဉ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် မက်ဒရစ်ဒါဘီတွင် အနည်းဆုံး ငါးဂိုးသွင်းယူနိုင်သည်မှာ စတုတ္ထအကြိမ်မြောက်ဖြစ်သည်။ အက်သလက်တီကိုမက်ဒရစ်အသင်းသည် မက်ဒရစ်ဒါဘီတွင် ၁၉၅၀ ပြည့်နှစ်က ခြောက်ဂိုး-သုံးဂိုးဖြင့် နောက်ဆုံးအကြိမ် ဂိုးပြတ်နိုင်ပွဲရရှိထားသည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် လာလီဂါတွင် ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့သည့်အပြင် ရာနှုန်းပြည့်နိုင်ပွဲစံချိန်လည်း ကျိုးပျက်ခဲ့ရသည်။ အက်သလက်တီကို မက်ဒရစ်အသင်းသည် ရီးရဲမက်ဒရစ်အသင်း၏ ဖိအားပေးကစားမှုအောက် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသော်လည်း ရရှိလာသည့်အခွင့်အရေးများကို အမိအရအသုံးချကာ သွင်းဂိုးများအဖြစ် ပြောင်းလဲနိုင်ခဲ့သည့်အတွက် ဂိုးပြတ်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် မာယော့ကာက ဒီပို့တီဗိုကို တစ်ဂိုး-ဂိုးမရှိ၊ ဗီလာရီးရဲက ဘီလ်ဘာအိုကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဂီရိုနာနှင့် အက်စ်ပန်ညိုအသင်းပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သလို ဂီတာဖေးနှင့် လီဗန်တေးအသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။


# ဖူလ်ဟမ်ကို အနိုင်ယူပြီး ပထမဆုံးပရီမီယာလိဂ် နိုင်ပွဲရရှိခဲ့သည့် အက်စ်တွန်ဗီလာ

ပရီမီယာလိဂ်ပွဲစဉ် (၆) မှ စက်တင်ဘာ ၂၈ ရက် ည ၇ နာရီခွဲက ဗီလာပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အက်စ်တွန်ဗီလာနှင့် ဖူလ်ဟမ်အသင်းပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းက တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဖူလ်ဟမ်အသင်းသည် ပွဲကစားချိန် ၃ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ဂိုးပြတ်ရှုံးပွဲ ကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းသည် ဖူလ်ဟမ်ကို ဂိုးပြတ်အနိုင်ယူပြီး ယခုနှစ်ရာသီ ပထမဆုံးပရီမီယာလိဂ်နိုင်ပွဲကို ရယူနိုင်ခဲ့ပြီ ဖြစ်သည်။



■ မိုးဇက်-စုစည်းရေးသားသည်




အင်္ဂလိပ်စာကို စတင်လေ့လာမယ့်သူတွေအတွက် အလွယ်ကူဆုံး အခြေခံအကျဆုံးနဲ့ အသုံးဝင်ဆုံးဖြစ်မယ့် ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို အပတ်စဉ်ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒီကဏ္ဍမှာ သဒ္ဒါရေးထုံး သင်ခန်းစာတွေ၊ စကားပြောသင်ခန်းစာတွေ၊ အင်္ဂလိပ်ဝေါဟာရကြွယ်ဝစေဖို့ ဝေါဟာရသင်ခန်းစာတွေနဲ့အတူ နေ့စဉ်သုံး အီဒီယမ်တွေ ဖြတ်ထိုးဉာဏ်ကောင်းစေဖို့ အင်္ဂလိပ်ဉာဏ်စမ်းပဟေဠိလေးတွေကို အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) ကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ ရှင်းပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to introduce yourself in English (မိမိကိုယ်ကို အင်္ဂလိပ်လို ဘယ်လိုမိတ်ဆက်မလဲ) ဆိုတာကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်တွေ၊ နမူနာဝါကျတွေ၊ စကားပြောတွေနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်တွေနဲ့သာမက နမူနာဝါကျတွေနဲ့ပါ ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**Grammar** ဆိုတာ ဘာသာစကားတစ်ခုတွင် စကားလုံးများကို စကားစုများ၊ ဝါကျပိုင်းများနှင့် ဝါကျများဖြစ်အောင် မည်သို့မည်ပုံ စနစ်တကျ ထားသိုဖွဲ့စည်းရမည်နည်းဆိုသည်ကို ဖော်ပြသည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ စည်းမျဉ်းများဖြစ်သည်။ စကားလုံးများကို ဆိုလိုသည့် အဓိပ္ပာယ် သက်ရောက်အောင် စနစ်တကျဖွဲ့စည်းတည်ဆောက်ရာတွင် အခြေခံအားဖြင့် **The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)** ကို နားလည်တတ်ကျွမ်းထားရန် လိုအပ်သည်။ သို့မှသာ သက်ဆိုင်ရာ စကားလုံးများကို သူ့နေရာနှင့်သူ မှန်ကန်အောင်ထားသိုနိုင်ပြီး အဓိပ္ပာယ်ရှိသည့် ဝါကျများကို ဖွဲ့စည်းတည်ဆောက်နိုင်မှာဖြစ်သည်။ အောက်မှာ **The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)** ကို ဖော်ပြပေးလိုက်သည်။

**The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)**

| | | |
|---|---|---|
| 1. | Noun (n) | နာမ် |
| 2. | Pronoun (pr) | နာမ်စား |
| 3. | Adjective (adj) | နာမဝိသေသန |
| 4. | Verb (v) | ကြိယာ |
| 5. | Adverb (adv) | ကြိယာဝိသေသန |
| 6. | Preposition (prep) | ဝိဘတ် သို့ ရှေ့ဆောင်ပုဒ် |
| 7. | Conjunction (conj) | စကားဆက် |
| 8. | Interjection (interj) | အာမေဍိတ် |

**1. Noun (နာမ်)**

သက်ရှိ၊ သက်မဲ့၊ ဒြပ်ရှိ၊ ဒြပ်မဲ့တို့၏ အမည်ဟူသမျှကို နာမ်ဟုခေါ်သည်။ နာမ်ဆိုသည်မှာ အမည်ပေးစကားလုံးဖြစ်သည်။ ရှိရှိသမျှသော ပုဂ္ဂိုလ်၊ သတ္တဝါ၊ တိရစ္ဆာန်၊ ပစ္စည်းများနှင့် နေရာများ၏ အမည်များမှာ နာမ်များဖြစ်သည်။ ထိတွေ့ကိုင်တွယ်၍ ရတာရှိနိုင်သကဲ့သို့ ထိတွေ့ ကိုင်တွယ်၍ မရတာလည်းရှိနိုင်သည်။ မည်သို့ပင်ဆိုစေ အမည်ခေါ်လို့ရလျှင် နာမ်ဟု မှတ်ယူနိုင်သည်။ ဝါကျထဲတွင် Noun (နာမ်) များကို Subject (ကတ္တားပုဒ်)၊ Direct Object (တိုက်ရိုက်ကံပုဒ်-သက်မဲ့)၊ Indirect Object (သွယ်ဝိုက်ကံပုဒ်-သက်ရှိ)၊ Complement (အဖြည့်ပုဒ်)၊ Appositive (ရှေ့က Noun ကို ဖွဲ့ဆိုရှင်းပြသောပုဒ်) နှင့် Modifier (ချဲ့ထွင်ရှင်းလင်းဖော်ပြသောပုဒ်) စသည့်နေရာများတွင် တွေ့နိုင်သည်။

ဥပမာ – John, Maung Maung, doctor, teacher, India, China, Yangon, beach, school, chair, book, river, love, freedom, justice, kindness, strength, jogging, yodeling

Nouns in the sentence:

- Bagan is famous for its history.
  ပုဂံဟာ သူ့ရဲ့သမိုင်းကြောင့် ကျော်ကြားတယ်။
- Teachers emphasize the importance of grammar.
  သဒ္ဒါရဲ့အရေးပါပုံကို ဆရာတွေက အလေးထားတယ်။
- Love is a powerful emotion.
  အချစ်ဆိုတာ စွမ်းအားကြီးတဲ့ စိတ်ခံစားချက်တစ်ခုပဲ။
- Honesty is a rare virtue.
  ရိုးသားဖြောင့်မတ်ခြင်းဆိုတာ တကယ့်ကိုရှားပါးတဲ့ သူတော်ကောင်းတရားတစ်ပါးဖြစ်တယ်။
- People like to have money.
  လူတွေဟာ ပိုက်ဆံရှိတာကို ကြိုက်တယ်။

**2. Pronoun (နာမ်စား)**

နာမ်၏နေရာတွင် အစားထိုးသုံးသော စကားလုံးကို နာမ်စားဟုခေါ်သည်။ ပိုပြီးပြည့်ပြည့်စုံစုံ ရှင်းပြရမည်ဆိုပါက နာမ်စားဆိုသည်မှာ မိမိဖော်ပြပြောဆိုလိုသော အကြောင်းအရာ၊ အရာဝတ္ထု၊ သက်ရှိ၊ သက်မဲ့၊ စကားလုံး၊ စကားစုတွေကို တခြားတစ်ယောက်က သိပြီးသော အခြေအနေတွင် အဆိုပါအကြောင်းအရာ၊ အရာဝတ္ထု၊ သက်ရှိ၊ သက်မဲ့၊ စကားလုံး၊ စကားစုများနေရာတွင် အစားထိုးသုံးလိုက်သော ပုဒ်ဖြစ်သည်။ Pronoun (နာမ်စား) ကို သုံးခြင်းဖြင့် Noun (နာမ်) ကို ထပ်ဖန်တလဲလဲ ဖော်ပြအသုံးပြုခြင်းကို ရှောင်ရှားနိုင်သည်။ ထို့အတူ Noun (နာမ်) ကို ထပ်ဖန်တလဲလဲအသုံးပြုသဖြင့် စာဖတ်ရတာငြီးငွေ့ခြင်းကို ရှောင်ရှားနိုင်မည့်အပြင် ဝါကျဖွဲ့စည်းမှုကိုလည်း ပိုမိုကျစ်လျစ်ချောမွေ့စေမည်ဖြစ်သည်။

ဥပမာ – I, you, myself, either, they, their, it, who, these

Pronouns in the sentence:

- Instead of Saying,

"Tom went upstairs to the bedroom. Tom opened the door and Tom sat on the bed."

You would use pronouns,

"Tom went upstairs to the bedroom. He opened the door and sat on the bed."

တွမ်ဟာ အပေါ်ထပ်အိပ်ခန်းကိုသွားခဲ့တယ်။ သူတံခါးဖွင့်လိုက်ပြီး အိပ်ရာပေါ်မှာ ထိုင်ချခဲ့တယ်။

- This is the book I was telling you about.
  ဒီစာအုပ်က မင်းကို ပြောခဲ့တဲ့စာအုပ်ပါ။
- She went to the store to buy some food.
  အစားအစာအချို့ဝယ်ဖို့ သူ စတိုးဆိုင်သွားခဲ့တယ်။
- Who is coming to the party?
  ပါတီပွဲကို ဘယ်သူလာသလဲ။
- Someone is at the door.
  တစ်စုံတစ်ယောက်တံခါးမှာရှိတယ်။
- These are the days that I like best.
  ဒီရက်တွေဟာ ကျွန်တော်အကြိုက်ဆုံးရက်တွေဖြစ်တယ်။

## Vocabulary Enrichment Programme

1. by hook or by crook (တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ မည်သည့်နည်းနှင့်ဖြစ်ဖြစ်)
   The gang leader told his men to get the priceless jewellery by hook or by crook.
2. on thin ice (အန္တရာယ်ရှိပြီး ခက်ခဲသည့် အခြေအနေ)
   Tension is rising as the talks between the two countries are now on thin ice.
3. get into hot water (ဒုက္ခရောက်သည်၊ အကျပ်တွေ့သည်)
   He got into hot water with the authorities after he tried to smuggle those tapes in.
4. kick the bucket (သေသည်။)
   The murder finally kicked th bucket after the police shot him the third time while he was escaping.
5. a cat and dog life (အချင်းချင်း အမြဲတမ်းစကားများရန်ဖြစ်သည်။)
   The couple led a cat and dog life until they divorced a year ago.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**Conversation**

How to introduce yourself in English

Hi. My name's ……………………………

Hello. I'm ……………………………………

I'm ……………………… years old.

I was born in ………………………………..

I'm from ……………………………………….

I live in …………………………………………..

I have ………….. Brothers and …… sisters.

I go to ………………………………… school.

I like ………………… becaus e Sub + Verb

I don't like ……………Because Sub + Verb

My best friends are …………………………..

because Sub + Verb

My favourite (subject, actor, music, tv pro–gramme, film star, pop star, president, sport) is or are …………….. because Sub + Verb

In my free time / After school Sub + Verb

In the future I'd like to ……………………..

because + Sub + Verb

In the conversation

Hi. My name's Robert.

ဟိုင်း ကျွန်တော့်နာမည် ရောဘတ်ပါ။

Hello. I'm Robert.

ဟယ်လို ကျွန်တော့်နာမည်ရောဘတ်ပါ။

I'm 20 years old.

ကျွန်တော်က အသက် ၂၀ ပါ။

I was born in Los Angeles.

ကျွန်တော့်ကို လော့စ်အိန်ဂျလိစ်မှာ မွေးပါတယ်။

I'm from the United States of America.

ကျွန်တော်က အမေရိကန်ပြည်ထောင်စုကပါ။

I live in Los Angeles.

ကျွန်တော် လော့စ်အိန်ဂျလိစ်မှာ နေပါတယ်။

I have two brothers and one sister.

ကျွန်တော့်မှာ အစ်ကို နှစ်ယောက်နဲ့ အမ တစ်ယောက် ရှိပါတယ်။

I go to the University of Texas.

ကျွန်တော်က တက္ကဆက်တက္ကသိုလ်ကိုသွားပါတယ်။

I like swimming because it makes me fit and healthy.

ကျွန်တော်က ရေကူးရတာကို ကြိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရေကူးခြင်းက ကျွန်တော့်ကို ကျန်းမာသန်စွမ်းစေလို့ပါ။

I don't like watching TV because it is boring.

ကျွန်တော်တီဗွီကြည့်ရတာ မကြိုက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တီဗွီကြည့်ရတာ ပျင်းစရာကောင်းပါတယ်။

My best friends are Lucus and Rachel because they are very kind to me.

ကျွန်တော့်ရဲ့ အချစ်ဆုံးသူငယ်ချင်းတွေကတော့ လူးကပ်နဲ့ ရေချယ်တို့ဖြစ်ပါတယ်။ သူတို့က ကျွန်တော့်ကို ကြင်နာကြပါတယ်။

My favourite (subject, actor, music, tv pro–gramme, film star, pop star, president, sport) is or are Taylor Swift because she is very energetive on the stage and her performance is excellent.

ကျွန်တော့်ရဲ့ အကြိုက်ဆုံး ပေ့ါပ်အဆိုတော်ကတော့ တေလာဆွတ်ဖ်ဖြစ်ပါတယ်။ သူက စင်ပေါ်မှာ အရမ်းတက်ကြွပြီးတော့ သူ့ရဲ့ ဖျော်ဖြေတင်ဆက်မှုတွေဟာလည်း အလွန်ကောင်းပါတယ်။

In my free time / After school I learn how to play the guitar.

ကျွန်တော့်ရဲ့အားလပ်ချိန်တွေမှာဆို ဂီတာတီးတာကို လေ့လာပါတယ်။

In the future I'd like to be a software engi–neer because I like to create new app for people.

အနာဂတ်မှာ ကျွန်တော်ဟာ ဆော့ဖ်ဝဲလ် အင်ဂျင်နီယာတစ်ယောက် ဖြစ်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က လူတွေအတွက် အသစ်အသစ်သော အက်ပ်တွေ ဖန်တီးရေးဆွဲပေးချင်လို့ပါ။

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

ဘဝချမ်းသာအခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး

" Older Persons Driving Local and Global Action: Our Aspirations, Our Well-Being, Our Rights"

၁.၁၀.၂၀၂၅ နေပြည်တော်

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး)မှ ရဲတပ်ဖွဲ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ ရဲမှူးကြီး ထွန်းမြတ်ကျော်နှင့် ဒုတိယရဲမှူးကြီး မြင့်မောင်တို့ ကြည့်ရှုအားပေးစဉ်။ ရဲတင့်(ပြန်/ဆက်)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်က အမှတ်(၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယ ရဲမှူးကြီး ပြည့်ဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်း စုစုပေါင်း ၁၃၂ ဦးတို့ အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) မင်္ဂလာဒုံ၌ စုပေါင်းသွေးလှူဒါန်းရာ အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ် မြင့်ဇော်၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် ကိုကိုလွင်၊ အမှတ်(၅)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး လှိုင်မင်းထွန်းတို့ ကြည့်ရှုအားပေးစဉ်။ မြန်မာ့အလင်း





(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ကမ္ဘာအေးဘုရားလမ်းရှိ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ဝင်းနှင့် ဆုတောင်းပြည့်စေတီတော်အား စက်တင်ဘာ ၂၇ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ ကမာရွတ်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ကျော်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သိန်းလွင်နှင့် စခန်းမှူးတို့ ကြည့်ရှုအားပေးစဉ်။ တင်စိုး

## နောင်ချိုမြို့၌ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ စစ်ဆေး

**နောင်ချို စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်၍ နောင်ချိုမြို့နယ်အတွင်း ဖွင့်လှစ်ထားသော ပုဂ္ဂလိကမူလတန်းကြိုကျောင်းများသို့ စက်တင်ဘာလအတွင်း ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းရာတွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းရီ ဦးဆောင်သောအဖွဲ့များက လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြု ဖွင့်လှစ်ထားသော Joy ပုဂ္ဂလိကမူလတန်းကြိုကျောင်းနှင့် Kids ပုဂ္ဂလိကမူလတန်းကြို ကျောင်းများအားလည်းကောင်း၊ သဖန်းကိုင်း ပရဟိတကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးဂေဟာများသို့လည်းကောင်း ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၈ ရက်က တပ်ကုန်းခုတင်(၁၀၀) ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစံသူ တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြစိုး၊ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်ရွှေအောင်တို့ ရဲတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု အားပေးစဉ်။ တင်စိုးလွင်

## မိုင်းဖြတ်မြို့နယ်၌ ကျေးရွာများသို့ မွေးမြူရေးဘဏ်စနစ်ဖြင့် ဒေသန္တားနှင့် ဆိတ်များ အခမဲ့ဖြန့်ဖြူးပေးအပ်

**မိုင်းဖြတ် စက်တင်ဘာ ၂၈**

မိုင်းဖြတ်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာခွင့်ပြုရန်ပုံငွေ၊ မွေးမြူရေးဘဏ်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် မျိုးကောင်းမျိုးသန့် ဒေသန္တားနှင့် ဆိတ်များ အခမဲ့ဖြန့်ဖြူးပေးအပ်ခြင်းကို ယမန်နေ့က ဆွပ်ပန်းကျေးရွာ၌လည်းကောင်း၊ ဟိုနားစောမွန်ကျေးရွာ၌ လည်းကောင်း ပေးအပ်သည်။



ဦးစွာ မျိုးကောင်းမျိုးသန့် ဒေသန္တားမများ ဖြန့်ဖြူးပေးအပ်ပွဲကို ဆွပ်ပန်းကျေးရွာ၌ ကျင်းပရာ တာချီလိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဝေသုံက မွေးမြူရေး လုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်နိုင်ရေးနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာတင်ကိုကိုက မျိုးကောင်းမျိုးသန့် န္တားမများ ဖြန့်ဖြူးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဆွပ်ပန်းကျေးရွာမှ တောင်သူ ၁၀ ဦးကို ဒေသန္တားမ ၁၀ ကောင်နှင့် နမ့်လန်းကျေးရွာအုပ်စု ဖားပေ့ကျေးရွာမှ ဆိတ်မွေးတောင်သူများကို ဒေသဆိတ် ၅၅ ကောင် လွှဲပြောင်းပေးအပ်ခဲ့ပြီး တောင်သူများထံ စာချုပ်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။ မြို့နယ်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က သနပ်ပင်မြို့နယ် အထက(သနပ်ပင်)ကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်ကျော်၊ မြို့မစခန်းမှူး ဒုတိယရဲမှူး အေးသွင်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန် စက်တင်ဘာ ၂၈

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက် ရန်ကုန်-ပြည် ကားလမ်းဘေးရှိ မင်းကျောင်းဘုန်းတော်ကြီးကျောင်း၌ တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

တိုက်ကြီးခရိုင် ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေအောင်လွင် ဦးစီး၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၇၁ ဦးတို့က ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းအပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းပေးခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရန် ရေနုတ်မြောင်းများ ဆယ်တင်တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၂၇ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယ ရဲမှူးကြီး မျိုးဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ဟုမ္မလင်း(ပြန်/ဆက်)

---

❖ *ကျောဖုံးမှ*

စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၅၆၄၇၆ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၅ ရက်တွင် ရွှေဘိုမြို့နယ် တဲကြီးကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၉၈၅၀၀၀၀) ကို လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀၀) နှင့် လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၃၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၂၅၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၉၂၅၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၂၃ ရက်တွင် ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၆၃၄၈၀) နှင့် စက်တင်ဘာ ၂၆ ရက်တွင် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၃၈၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Landcrui-ser Prado တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၄၀၁၄၈၀ ကို အမှုတွဲဖွင့်လှစ် ဆောင်ရွက်ထားရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၁၁ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ပေါင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၂၅၀၊ ဓာတ်ဆီ ဂါလန် ၄၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၅၀၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် မော်လမြိုင်မြို့နယ်အတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ်၁၂၇၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၅၀၀၀၀ ကို အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၆ ရက်တွင် သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄၅ မျိုး၊ လူသုံးကုန်ပစ္စည်း ရှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၇၂၀၄၇၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Pyi Gyi Ta Khun ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၅၄၂၈၅၈) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၆၇၄၇၆၀၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၅ ရက်တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၁၅၉၄၆၀၈) ကိုလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၉၁၇၉၄၂၅ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Kaung Hein ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၁၇၉၆၇၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၀၉၅၃၇၀၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

စက်တင်ဘာ ၁၈ ရက်မှ ၂၆ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၆၃) မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၁၅၅၈၅၂၃) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

---


❒ *ကျောဖုံးမှ*

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၈-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁-၁၀-၂၀၂၅ ရက်နေ့မှ ၂-၁၀-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၈-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃-၁၀-၂၀၂၅ ရက် နေ့ အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည် တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်း ပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုက်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

# ပန်းတောင်းမြို့နယ်၌ ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး



ပန်းတောင်း စက်တင်ဘာ ၂၈

ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ ပြည်ပသို့ သီးနှံထုတ်ကုန်များ ပို့ဆောင်ရာတွင် အဓိကအရေးပါသည့် အရည်အသွေး၊ အဆီအနှစ်ဓာတ်ကြွင်းအနည်းဆုံးဖြစ်စေရန်နှင့် ထုတ်လုပ်မှုအကျိုးအမြတ်မြင့်မားစေရန် ရည်ရွယ်ကာ ပြည်ပသို့ပို့ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက နတ်မောက်ကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ တောင်သူများ တက်ရောက်ကြသည်။ (ဓာတ်ပုံ)

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသင်းက ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်၊ အင်းဆက်ဖျက်ပိုးများနှင့် အသုံးပြုနှိမ်နင်းသင့်သည့် ပိုးသတ်ဆေးဝါးများအကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သီးနှံမျိုးကောင်းမျိုးစေ့များ ရွေးချယ်အသုံးပြုရမည့် အချက်များ၊ မြေဆီလွှာထိန်းသိမ်းပြုပြင်ဆောင်ရွက်ရမည့်အချက်များ၊ သီးနှံရောဂါများကို ဘက်စုံကာကွယ်ရေးနည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ ဓာတ်မြေဩဇာများ စနစ်တကျရွေးချယ်အသုံးပြုကြစေရန်၊ သီးနှံအလှည့်အပြောင်း စိုက်ပျိုးခြင်း၊ ပေါင်းထိန်းချုပ်ခြင်း စသည့်အကြောင်းအရာများကို ရှင်းလင်းဟောပြောပြီး တက်ရောက်လာကြသော တောင်သူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

## အမည်ပြောင်း

မိုင်းရှူးမြို့နယ်နေ ဦးအောင်သူ ၁၃/မရန(နိုင်)၀၄၂၂၈၂ ၏ သမီး အထက(မိုင်းရှူး) Grade-3 မှ မ၀င်းပပဟန်အား မဖူးပွင့်မေ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## မွေးသက္ကရာဇ်အမှန်

ပျော်ဘွယ်မြို့နယ်၊ အထက (ရွာသစ်အနောက်)မှ အထပြ ဦးစိုးမင်းထိုက်၏ မွေးသက္ကရာဇ် အမှန်မှာ ၆-၈-၁၉၈၅ ဖြစ်ပါကြောင်း။ **ဦးစိုးမင်းထိုက်**

**၉/ပဘန(နိုင်)၁၅၁၀၂၀**

## မိခင်အမည်မှန်

ဆီဆိုင်မြို့နယ်၊ အထက (ဆီဆိုင်) Grade-12 မှ နန်းအင်ကြင်းလှိုင် ၏ မိခင်အမည်မှန်မှာ နန်းထွေးထွေးလှိုင် ၁၃/ဆဆန (နိုင်) ၀၂၄၇၁၀ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ ဒွေးကုန်းကျေးရွာနေ မအိမွန်မြင့် ၈/စတရ(နိုင်) ၀၄၅၅၂၉ ၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၁၂-၂၀၀၃)ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

